မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၃၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၈၂)

မာတာပိတုဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲကျင်းပ

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် မတ် ၃၀

၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီနာယက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

တစ်သက်တာစာပေဆု

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၈ခုနှစ် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာ စာပေဆု ရရှိသော ဒေါက်တာ ကျော်စိန် (ဒေါက်တာကျော်စိန်) အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြှင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြှင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းခရီးသည် - သတင်းထောက်စဉ့်ကူစိုးဝင်း
ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်ထွန်း (ဘူးသီးတောင်ထွေ/အုပ်)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

မေယုတောင်တန်းကြီးနှင့် ရေငန်မြစ်များအကြားမှ စပါး၊ ဆောင်းသီးနှံတို့ဖြင့် စီးပွားဖြစ်နေသော ဘူးသီးတောင်မြို့နယ်

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါး ဧက၆၀၀ ကျော်ကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၀

မောင်တောမြို့မှ နံနက်စာ စားပြီးချိန်တွင် သတင်းခရီးသည်တို့အဖွဲ့ ဘူးသီးတောင်မြို့သို့ ခရီးဆက်ခဲ့ကြသည်။ တည်းခိုရမည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာတွင် အထုပ်အပိုးများချကာ အသင့်စောင့်ကြိုနေသည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်မျိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလွင်မောင်မောင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်ထွန်းမြ၊ မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီး ဦးထွန်းအေးခိုင်တို့နှင့်အတူ ဘူးသီးတောင်မြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် တစ်ဆက်တစ်စပ်တည်း မိုးစပါး ၆၈၅ဧက စိုက်ခင်းသို့ မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်လေ့လာကြသည်။

လာရောက်လေ့လာ

စစ်တွေမြို့တွင် ဘူးသီးတောင်မြို့နယ်ဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့စဉ်က ဘူးသီးတောင်မြို့နယ်တွင် နွေစပါး ဧက ၁၂၀၀ကျော် စိုက်ပျိုးထားသဖြင့် ရခိုင်ပြည်နယ်တစ်ခုလုံး နွေစပါး စိုက်ဧက၏ သုံးပုံတစ်ပုံရှိသောကြောင့် လာရောက်လေ့လာရန် ဖိတ်ခေါ်ခဲ့သည်။

သို့ဖြစ်၍ အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါးစိုက်ခင်းများ သွားကြည့်ရန် ဘူးသီးတောင်မြို့သို့ ယခုကဲ့သို့ ရောက်ရှိနေခြင်းဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မတ် ၃၁ ရက်)

နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လမ်းပန်းဆက်သွယ်ရေးကွန်ရက်များ တိုးမြှင့်ဖော်ဆောင်

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေတစ်ခုနှင့် တစ်ခုအကြား လွယ်ကူချောမွေ့စွာ သွားလာနိုင်စေရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျပေသည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းဒေသအနှံ့ လမ်း၊တံတားများကို ဖောက်လုပ်တည်ဆောက်ပေးခဲ့ရာ ယခုအခါ ပြည်ထောင်စုကြီး၏ အရှေ့၊ အနောက်၊ တောင်နှင့်မြောက်သို့ ရာသီမရွေးသွားလာနိုင်သည့် လမ်းကွန်ရက်စနစ်များ ဖြစ်ထွန်းလျက်ရှိနေပြီ ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁)က တည်ဆောက်ခဲ့သော ပဲခူးမြစ်ကူးတံတား(က၀)ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၁ ရက်နေ့က ပဲခူးမြို့နယ် ထုံးကြီးကျေးရွာဘက်ကမ်းရှိ အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ယခင်က ပဲခူးမြစ်ကိုဖြတ်သန်းရန် ကူးတို့လှေကိုသာ အားထားခဲ့ကြရသည်။ ရာသီဥတုအခြေအနေအရ စောင့်ဆိုင်းရသည့်အခါများရှိခဲ့သဖြင့် ကုန်စည်ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက် အထောက်အကူဖြစ်စေရန် ပဲခူးမြစ်ကူးတံတား(က၀)ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားဖြစ်ထွန်းလာခြင်းကြောင့် ရန်ကုန်မြို့သို့ ခရီးမိုင် ၃၇ မိုင်ခန့် ခရီးကျုံ့သွားခဲ့ပြီး ပဲခူးမြို့သို့ ကိုးမိုင်ခန့် သက်သာစွာသွားလာနိုင်မည်ဖြစ်သည်။ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် အချိန်တိုအတွင်း ခရီးပေါက်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိလာခဲ့ပြီဖြစ်သည်။

ပဲခူးမြစ်ကူးတံတား(က၀)သည် ပဲခူးတိုင်းအတွက် အရေးပါသည့်တံတားဖြစ်ပြီး ပဲခူးတိုင်းအတွက် ပေ၁၈၀နှင့်အထက် ၁၇စင်းမြောက်ဖြစ်ကာ နိုင်ငံတော်၏ ၂၂၁ စင်းမြောက်တံတားလည်းဖြစ်သည်။ ပဲခူးတိုင်းအတွင်း၌ စစ်တောင်းမြစ်ကူး (ရွှေကျင်-မဒေါက်)၊ ဧရာဝတီမြစ်ကူးတံတား (နဝဒေးတံတား-ပြည်)စသော မြစ်ကူးတံတားကြီးများကို တည်ဆောက်ပေးထားပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပဲခူးမြစ်ကူးတံတား(က၀) အပါအဝင် ပြည်နယ်နှင့်တိုင်းအနှံ့ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံကောင်းများကို ဖြည့်ဆည်းတည်ဆောက်ပေးထားပြီးဖြစ်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲ၍ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လျှပ်စစ်ရေတင်စီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ညောင်ကျေးရွာရှိ ငါးပိ၊ငါးခြောက်၊ငံပြာရည်၊ ငရုတ်သီးမှုန့်လုပ်ငန်း စီမံကိန်းဇုန်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှူးက မြေကွက်များဖော်ထုတ်ထားမှု၊ လမ်းရေနုတ်မြောင်းများ ဆောင်ရွက်ထားမှု၊ လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကိုမှာကြား၍ စီမံကိန်းဇုန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ်ရှိ ရေကျော်လျှပ်စစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူးက နွေစပါး အောင်ရေပေးဝေမှုအခြေအနေနှင့် ဟိုက်ဒရိုတာဘိုင် ဂျင်နရေတာစက်ဖြင့် ရေကျော်ကျေးရွာသို့ လျှပ်စစ်မီးပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေး၍ ပင်မမြောင်းအတွင်း ရေပို့လွှတ်မှုနှင့် ဟိုက်ဒရိုတာဘိုင် ဂျင်နရေတာစက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ပေး

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် စစ်ပင်လျှပ်စစ်ရေတင်စီမံကိန်း၊ မလစ်လျှပ်စစ်ရေတင်စီမံကိန်းနှင့် ဆင်ဖုံလျှပ်စစ်ရေတင်စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျွန်းစုမြို့၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကျွန်းစု မတ် ၃၀

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျွန်းစုမြို့နယ်ရုံးမှ ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို မတ်၇ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကျွန်းရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရာဇာဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ (အောက်ပုံ)

သင်ကြားပို့ချ

ထို့နောက် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီချို၊ မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါခိုင်နှင့် ရုပ်သံကျွမ်းကျင် (၃) ဦးရန်နိုင်ထွန်းတို့က စာကြည့်တိုက်ပညာရပ်များကို သင်ကြားပို့ချသည်။

ဆက်လက်၍ စာကြည့်တိုက်ပညာ သင်တန်းဆင်းပွဲကို မတ် ၈ရက် ညနေ ၄နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (ခရိုင် ပြန်/ဆက်)

မြဝတီ ရုပ်မြင်သံကြား

၃၁-၃-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၂၀	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၅	၁၄။	ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိတ်မုန့်ချစ်သူ** (အပိုင်း-၁၀)



အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းဆင်းပွဲသို့ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မတ် ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် မတ်၂၆ရက် ညနေပိုင်းက နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး (အပေါ်ပုံ) ထူးချွန်ဆုရရှိသော နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒေါ်နီလာ (ဌာနစုမှူး)အား ဆုပေးအပ်ချီးမြှင့်သည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနသုံးခုနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်း သင်တန်းသား သင်တန်းသူ ၃၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်မဲဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ကျောက်မဲ မတ် ၃၀

ကျောက်မဲဂေါက်ကလပ်၌ဦးကျော်လင်းသည် မတ်၁၆ရက်က ဂေါက်ရိုက်ကစားစဉ် ကျင်းအမှတ် (၁၂) ၁၇၈ကိုက်အကွာအဝေးကို Manage Bird Wood No.5 တုတ်ဖြင့် Titleist (Pro V-1)ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

ထိုအချိန်တွင် ကစားဖော်များ ဖြစ်ကြသော ဦးကျော်မြင့်၊ ဒေါက်တာကျင်လှိုင်၊ စိုင်းထွန်းနောင်၊ မဥမ္မာ(သစ်တော)တို့လည်း အတူကစားလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

* ရှေ့ဖုံးမှ

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၈ ခုနှစ် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုရ ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)၊ ကဗျာပေါင်းချုပ်ဆုတွင် **'တေးသီငှက်၏ ပန်းပေါင်း တစ်ရာကဗျာစု'** စာအုပ်ဖြင့် ပထမဆုရ အောင်သာဆန်း(သံတွဲ)၊ **'အမေ့ရွာနှင့် အခြားကဗျာများ'** စာအုပ်ဖြင့် ဒုတိယဆုရ မောင်စောထွန်း(ကျောင်းကုန်း)၊ **'ရေချမ်းတစ်ခွက် ပန်းတစ်ခက်'** စာအုပ်ဖြင့် တတိယဆုရ အဖျောက်မြေမောင်ဆွေမွန်၊ ဝတ္ထုရှည်ဆုတွင် **'ငယ်သော် လှသည်'** စာအုပ်ဖြင့် ဒုတိယဆုရ မင်းဇေယျနှင့် **'ပလတ်စတစ်ထဲက ကြယ်တစ်ပွင့်'** စာအုပ်ဖြင့် တတိယဆုရ ပိုင့်(လှိုင်းသစ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဝတ္ထုတိုပေါင်းချုပ်ဆုတွင် **'တံငါအသည်း မာရဲ့သလားဟေ့နှင့် အခြားဝတ္ထုတိုများ'** စာအုပ်ဖြင့် ပထမဆုရ မောင်ခြိမ့်၊ **'ဘိုးဘွားအမွေ ချစ်တတ်စေနှင့် အခြားဝတ္ထုတိုများ'** စာအုပ်ဖြင့် ဒုတိယဆုရ နန္ဒာခင်(သက္ကလမြေ)နှင့် **'မြေသင်းပုံ့ပုံ့ မိုးရနံ့ ဝတ္ထုတိုများ'** စာအုပ်ဖြင့် တတိယဆုရ နေမျိုးသန့်၊ ကျမ်းစာပေဆုတွင် **'ဖြတ်သန်းခဲ့ရ သမိုင်းစဉ်ဆောင်ကြဉ်းခဲ့ရ တာဝန်များ'** စာအုပ်ဖြင့် ဒုတိယဆုရ ဇင်မင်း(သမိန်ထော)နှင့် **'မြန်မာ့ရုပ်ရှင် ခေတ်ဦး ဒါရိုက်တာ ၁၅ဦးတို့၏ ရုပ်ပုံလွှာများ'** စာအုပ်ဖြင့် တတိယဆုရ ကေမြူးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာကြည့်တိုက် စာအုပ်ဆု

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုရ **'ခေါင်းဆောင်၊ ခေါင်းဆောင်မှုနှင့် ကမ္ဘာ့အမြင်'** စာအုပ်ကို ရေးသားသူ နေဇင်လတ်၊ **'လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်း'** စာအုပ်ကို ရေးသားသူ ကျော်ကျော်ဝင်း (မဟာဝိဇ္ဇာ)၊ **'ဂီတကြငှန်းပျော်များ'** စာအုပ်ကို ရေးသားသူ မော်ဝန်းကြည်မြတ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုရ ကျော်ကျော်ဝင်း (မဟာဝိဇ္ဇာ)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြိမ်းက ပခုက္ကူ ဦးအုံးဖေ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်ပညာသင်ဆု ရရှိကြသော အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ မကြူကြူဆွေ (ဒုတိယနှစ်ပန်းချီအထူးပြု)နှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး)မှ မောင်ပြည့်ဖြိုးအောင်(ပထမနှစ်ပန်းချီအထူးပြု)၊ ပခုက္ကူဦးအုံးဖေ မြန်မာစာ ထူးချွန်ဆုရ မောင်ဖြိုးပြည့်စုံငြိမ်း (မုံရွာတက္ကသိုလ်)၊ မသိမ့်သိမ့်ဖြိုး (ရတနာပုံတက္ကသိုလ်)၊ မောင်ထင်လင်းအောင် (ရတနာပုံတက္ကသိုလ်)နှင့် မနီလာထွန်း (ရတနာပုံတက္ကသိုလ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပညာရည်ချွန်ဆု

ထို့နောက် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာ ဘာသာရပ်တွင် ပထမဆုရ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဖြိုးမင်းဟန်၊ ဒုတိယဆုရ ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဖြိုးသဉ္ဇာခင်၊ တတိယဆုရ ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်အေးချမ်းကျော်ကျော်၊ အင်္ဂလိပ်ဘာသာရပ်တွင် ပထမဆုရ မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မမေသူဇော်၊ ဒုတိယဆုရ မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကျော်ဇင်နှင့် တတိယဆုရ မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မဘုရဏီစိုးစိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ပညာရည်ချွန်ဆု သင်္ချာဘာသာရပ်တွင် ပထမဆုရ ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဆုရည်နှင်း၊ ဒုတိယဆုရ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မမေသူကျော်၊ တတိယဆုရ လသာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဖြိုးအောင်ကျော်၊ ဓာတုဗေဒဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်တို့တွင် ပထမဆုရ ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မဝေမွန်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ပညာရည်ချွန်ဆု ဇီဝဗေဒဘာသာရပ်တွင် ပထမဆုရ လသာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဖြိုးအောင်ကျော်၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုရ ဇလွန်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ပြည့်သျှံအောင်၊ ပထဝီဘာသာရပ်တွင် ပထမဆုရ ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မယဉ်ယဉ်သန်း၊ သမိုင်းဘာသာရပ်တွင် ပထမဆုရ ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်မျိုးဖြူနှင့် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်တွင် ပထမဆုရ ကန့်ကြီးထောင့်မြို့နယ် ဒါးကမှ မသက်နှင်းဝေတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှင်းလင်းပြောကြား

ထို့နောက် စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးတင့်ဆွေက ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကား

ယင်းနောက် ၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ တစ်သက်တာ စာပေဆုရ ဆရာကြီး ဒေါက်တာကျော်စိန်က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆုရွေးချယ်ရေးအဖွဲ့ဝင်များသည် ဆုရရှိကြသူများနှင့်အတူစုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မကွေးမြို့နယ် အဝေရာလမ်း ကတ္တရာလမ်းသစ်ဖွင့်

မကွေး မတ် ၃၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် အဝေရာလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၆ရက် နံနက်ပိုင်းတွင်(?) မကွေးမြို့ မင်းကံကြီးရပ်ကွက် အဆိုပါလမ်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

အခမ်းအနားတွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးခင်ကျော်က လမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်ကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မကွေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားဆိုင်းဘုတ်ကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အကုန်အကျခံ

အဆိုပါကတ္တရာလမ်းသစ်မှာ မူလမြေသားလမ်းအရှည် ပေ ၃၉၀၀၊ အကျယ် ၁၆ ပေအား မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၄၃၇၂၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာမာ့(ခ်)ကန်းနင်း၏ နေရာတွင် မစ္စတာအင်န်ဒရူးရစ်ချဒ်ဟေန်အား ခန့်အပ်ရန်အဆိုပြုလာခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာအင်န်ဒရူးရစ်ချဒ်ဟေန်သည် ၁၉၈၆ခုနှစ်တွင် ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဌာန၊ ပြည်ပကုန်သွယ်ရေးဌာနခွဲသို့ စတင်အလုပ်ဝင်ရောက်ခဲ့ပြီး ၁၉၈၉ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ဗင်နီဇွဲလားနိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့ရှိ ဗြိတိန်သံရုံးများတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းသည် လောလောဆယ်တွင် အိုင်ယာလန်နိုင်ငံရှိ ဗြိတိန်နိုင်ငံသံရုံး၌ သံရုံးဒုတိယအကြီးအကဲနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာအင်န်ဒရူးရစ်ချဒ်ဟေန်သည် သားသမီးထွန်းကားသည့် အိမ်ထောင်သည်တစ်ဦး ဖြစ်သည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၄ရပ်ကွက် သုတဘဏ်စာကြည့်တိုက် စတုတ္ထအကြိမ်နှစ်ပတ်လည် အခမ်းအနားကို မတ်၂၇ရက် နံနက်၉နာရီက အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင် အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ

ရန်ကုန် မတ် ၃၀

မော်လမြိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဇရပ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ပါရန် ဖိတ်ကြားထားပြီး ဧည့်သည်များနှင့် အသင်းသူ အသင်းသား၊ မြို့နယ်သူ မြို့နယ်သားများအား မော်လမြိုင်ရိုးရာ သင်္ကြန်ထမင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။

ပါဝင်လှူဒါန်းနိုင်

ထို့အပြင် အသက်(၈၀)နှင့်အထက် အသင်းဝင်များ၊ အသင်းဝင် မိဘများနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သည့် အသင်းဝင် သားသမီးများ၊ တက္ကသိုလ်တွင် ပါရဂူဘွဲ့ရ (Ph.D) ကျောင်းသား ကျောင်းသူများ၊ ပူဇော်ပွဲ ပါဝင်လှူဒါန်းလိုသူများ စာရင်းကို ဥက္ကဋ္ဌ ဦးမောင်သန်း ဖုန်း-၅၅၇၂၇၈၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်း ဖုန်း-၃၈၅၉၅၆၊ ဘဏ္ဍာရေးမှူး ဦးကျော်မင်း ဖုန်း-၂၉၃၆၈၃၊ စည်းရုံးရေးမှူး ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁နှင့် ဇရပ်ရုံး ဖုန်း-၃၇၅၇၂၃ တို့သို့ ပေးပို့ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ မင်္ဂလာတောင်ညွန့်တွင် ကျင်းပ

ရန်ကုန် မတ် ၃၀

၂၀၀၉ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးစိုးလှိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာမြင့်က မြို့နယ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ရှင်းလင်းပြောကြားသည်။

ဟောပြော

ရန်ကုန်အရှေ့ပိုင်းခရိုင် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင်ဆရာဝန်ကြီး ဒေါက်တာဦးဌေးလွင်က တီဘီရောဂါဖြစ်ပွားပုံ၊ ကုသနည်းတို့ကို သိကောင်းစရာ ပညာပေးဟောပြောသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရပ်ကွက် ၂၀မှ ဥက္ကဋ္ဌများ၊ အထက၊ အလက၊ အမကကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (၁၂၃)

စီးကရက်နှင့်ဆေးရွက်ကြီး ထုတ်ကုန်များအပေါ် ဘင်္ဂလားဒေ့ရှ်အစိုးရက အခွန်တိုးကောက်မည်

ဒါကာ မတ် ၃၀

ဘင်္ဂလားဒေ့ရှ်အစိုးရက စီးကရက်နှင့် ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းများအပေါ် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ထိပ်တန်းအရာရှိတစ်ဦးက မတ် ၂၉ ရက်တွင် ပြောကြားသည်။

စီးကရက်နှင့်ဆေးရွက်ကြီးထုတ်ကုန် ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ရသည့် ရည်ရွယ်ချက်သည် ဝင်ငွေရရှိမှုတိုးမြှင့်ရန် မဟုတ်ဘဲ ပြည်သူလူထု၏ ကျန်းမာရေးမထိခိုက်စေရန် ကာကွယ်မှုသာဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ် အမျိုးသားဝင်ငွေဘုတ်အဖွဲ့ဥက္ကဋ္ဌ အဗ္ဗဒူလ်မာဇစ်က ဒေသဆိုင်ရာသုတေသနအဖွဲ့ တန်နာယန်ဆမ်မန်နေနှင့် တွေ့ဆုံဆွေးနွေးရာတွင်ပြောကြားသည်။ ယင်းသို့အခွန်တိုးမြှင့်ကောက်ခံမှုကြောင့် နိုင်ငံအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးအသုံးပြုမှု လျော့နည်းစေရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆေးရွက်ကြီးထုတ်ကုန်ပစ္စည်းများအပေါ် ၁၀ရာခိုင်နှုန်း ဈေးနှုန်းမြှင့်တင်မှုကြောင့် သုံးစွဲမှု ၈ရာခိုင်နှုန်းကျဆင်းနိုင်ပြီး လူငယ်လူရွယ်များနှင့် ဆင်းရဲနွမ်းပါးသူများအကြား သုံးစွဲသူဦးရေ ၁၀ရာခိုင်နှုန်း ကျဆင်းသွားနိုင်သည်ဟု ဘင်္ဂလားဒေ့ရှ်ဆေးရွက်ကြီးသုံးစွဲမှု ဆန့်ကျင်တိုက်ဖျက်ရေး မဟာမိတ်အဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နက်တန်ယာဟု၏ အစိုးရဖွဲ့ရေးညွန့်ပေါင်းအစိုးရဖွဲ့ရေး အော်သိုဒေါ့ရှားပါတီ ပါဝင်ရန် သဘောတူညီ

ဂျေရုဆလမ် မတ် ၃၀

အစ္စရေးဝန်ကြီးချုပ် တာဝန်ယူမည့် ဘင်ဂျမင်နက်တန်ယာဟုက အစွန်းရောက် အော်သိုဒေါ့ရှားပါတီနှင့် ညွန့်ပေါင်းဖွဲ့စည်းရေးကိုမတ် ၂၃ရက်က သဘောတူညီမှု ရရှိသွားသဖြင့် လက်ယာခေါင်းဆောင်မှာ ညွန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ရေး နီးစပ်သွားပြီဟု သိရသည်။

သို့ဖြင့် အော်သိုဒေါ့ရှားပါတီသည် နက်တန်ယာဟု ဦးဆောင်မည့် ညွန့်ပေါင်းအစိုးရအဖွဲ့ဝင် အစွန်းရောက် အမျိုးသားရေးဝါဒီ လိုက်ဘားမင်ဦးဆောင်သည့် ယီးစ်ရေးဘေတီနူပါတီနှင့်အတူ တန်းစီလိုက်ခြင်းဖြစ်သည်။

မဲဆွယ်စည်းရုံး

နောက်တစ်ဆင့်တွင် နက်တန်ယာဟုသည် ကာကွယ်ရေးဝန်ကြီးဘာရက် ဦးဆောင်သည့် လေဘာပါတီကို မဲဆွယ်စည်းရုံးမည်ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

စွမ်းရည်ပြကွက်

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်ချ်မြို့တွင် ဆွစ်အမျိုးသား ဆပ်ကပ်အဖွဲ့၏ စွမ်းရည်ပြကွက် တစ်ခုကို မတ် ၃၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရေလွှမ်းမှုဖြစ်ပေါ်

အမေရိကန်နိုင်ငံ မြောက်ဒါကိုတာပြည်နယ်၌ ရေလွှမ်းမှု ဖြစ်ပေါ်လျက်ရှိသည်ကို မတ်၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်အရေး အီရန်နှင့်ဆွေးနွေးရန် အမေရိကန်မျှော်လင့်

ဝါရှင်တန် မတ် ၃၀

သည်ဟိတ်မြို့၌ မတ် ၃၁ ရက်တွင် ကျင်းပမည့် နိုင်ငံတကာညီလာခံတွင် အာဖဂန်နစ္စတန်အရေးကိစ္စများကို အမေရိကန်က အီရန်နှင့် ဆွေးနွေးရန် မျှော်လင့်ထားကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်ထိပ်တန်းအရာရှိတစ်ဦးက မတ်၂၈ရက်၌ ပြောကြားသည်။

တက်ရောက်

အမေရိကန်အစိုးရ အဆိုပြုသည့် ကုလသမဂ္ဂညီလာခံသို့ အီရန်ကတက်ရောက်မည်ဖြစ်ကြောင်း မတ် ၂၆ ရက်တွင် ကြေညာသည်။ ညီလာခံသို့ နိုင်ငံပေါင်း ၈၀ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဟုလည်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နှစ်နိုင်ငံ အတူယှဉ်တွဲရေး မူဝါဒ အစ္စရေးလက်ခံရန် အီးယူတိုက်တွန်း

ရာမာလာ မတ် ၃၀

နှစ်နိုင်ငံ အတူယှဉ်တွဲနေထိုင်ရေးမူကို အစ္စရေးအစိုးရသစ်အနေဖြင့် လက်ခံရန် ဥရောပသမဂ္ဂ(အီးယူ)၏ တိုက်တွန်းချက်ကို ပါလက်စတိုင်းခေါင်းဆောင်ပိုင်းက မတ်၂၈ ရက်က ချီးကျူးပြောဆိုလိုက်သည်။

ပါလက်စတိုင်းတို့နှင့် ပဋိပက္ခဖြေရှင်းရေးတွင် အစ္စရေးနှင့်ပါလက်စတိုင်း နှစ်နိုင်ငံ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး မူသာလျှင် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ဥရောပသမဂ္ဂ(အီးယူ)က သဘောရသည်။

ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးမူကို အစ္စရေးကလက်မခံလျှင် နှစ်ဖက်ဆက်ဆံရေးမှာ များစွာခက်ခဲမည်ဟုလည်း အီးယူ၏အလှည့်ကျသဘာပတိဖြစ်သည့် ချက်သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ကာရယ်ရှဝါဇင်ဘတ်က အီးယူနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်မြောက်ပိုင်း၌ ပုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ၂၅ဦးသေဆုံး၊ ၄၅ဦးဒဏ်ရာရ

ဆူလေမန်နီယာ(အီရတ်) မတ် ၃၀

အီရတ်နိုင်ငံမြောက်ပိုင်း တည်ငြိမ်မှုမရှိသော ဒိုင်ယာလာပြည်နယ်ရှိ ကာ့ဒ်လူမျိုးတစ်ဦး၏ အသုဘအခမ်းအနားတွင် မတ် ၂၈ ရက်က အသေခံဗုံးဖောက်ခွဲခဲ့သဖြင့် ၂၅ ဦးသေဆုံးပြီး ၄၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ လူအများအပြား တက်ရောက်သည့် အသုဘအခမ်းအနားတွင် ဗုံးဖောက်ခွဲခဲ့သဖြင့်သေဆုံးသူဦးရေ များပြားလျက်ရှိပြီး နောက်ထပ်သေဆုံးသူဦးရေ တိုးမြင့်လာဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

စောစောပိုင်းကာလကလည်း ဘဂ္ဂဒက်မြို့တော်အနောက်ဘက်ရှိ ဘတ်စ်ကားဂိတ်တွင် ဗုံးပေါက်ကွဲခဲ့ရာ ကိုးဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပုဂ္ဂလိက လက်နက်ကိုင်ခွင့်အများဆုံး အမေရိကန်နိုင်ငံ၌ ရှစ်လအတွင်း ပစ်ခတ်သတ်ဖြတ်မှုများပြား

ပေကျင်း မတ် ၃၀

အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ် ကာသေ့ခ်ျမြို့ရှိ ဘိုးဘွားရိပ်သာကို သေနတ်သမားတစ်ဦးက မတ်၂၉ရက်က ဝင်ရောက်ပြီးပစ်ခတ်သဖြင့် ရှစ်ဦးသေဆုံးပြီး ရဲအရာရှိတစ်ဦးအပါအဝင် လူသုံးဦး ဒဏ်ရာရရှိသွားသည်။

ပုဂ္ဂလိက လက်နက်ကိုင်ဆောင်မှု အများဆုံးနိုင်ငံ

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပုဂ္ဂလိက လက်နက်ကိုင်ဆောင်မှု အများဆုံးနိုင်ငံဖြစ်သည်။ လက်နက်ပေါင်း သန်း၂၅၀ကို ပုဂ္ဂလိက ပိုင်ဆိုင်ထားသည်။ လက်နက်ထိန်းချုပ်မှု လျော့နည်းခြင်းကြောင့် လက်နက်မှုနှင့် ဆက်နွှယ်သည့် ရာဇဝတ်မှုများ ထူပြောသည့်နိုင်ငံလည်း ဖြစ်သည်။

ပစ်ခတ်သတ်ဖြတ်မှုကြီးများ

လွန်ခဲ့သည့်ရှစ်လအတွင်း အမေရိကန်နိုင်ငံ၌ ပစ်ခတ်သတ်ဖြတ်မှုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၀၈ခုနှစ်အတွင်းတွင် ဇူလိုင်၂၇ရက်က တင်နက်ဆီပြည်နယ် နောက်ဗီးလ်မြို့ ဘုရားရှိခိုးကျောင်းအတွင်း သေနတ်သမား၏ လက်ချက်ဖြင့် တစ်ဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရသည်။

- ဩဂုတ် ၁ရက်က ဝစ္စကွန်ဆင်ပြည်နယ်မြောက်ပိုင်း၌ သေနတ်သမားတစ်ဦး၏လက်ချက်ဖြင့် ဆယ်ကျော်သက်အရွယ် သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရသည်။
- ဩဂုတ် ၁၃ရက်တွင် အာကန်ဆပ်ပြည်နယ် ဒီမိုကရက်တစ်ပါတီဌာနချုပ်အတွင်း သေနတ်သမားတစ်ဦး၏ လက်ချက်ဖြင့် ပြည်နယ်ပါတီဥက္ကဋ္ဌ ဘီလ်ဂွမ်နေး ကွယ်လွန်သည်။
- စက်တင်ဘာ ၂ရက်၌ ဝါရှင်တန်ပြည်နယ်အတွင်း သေနတ်ပစ်မှုများ ဖြစ်ပွားမှုတွင် ခြောက်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသည်။
- အောက်တိုဘာ ၁၆ရက်တွင် မစ်ချီဂန်ပြည်နယ် ဒက်ထရိုက်မြို့ စာသင်ကျောင်းအနီး၌ သေနတ်သမားတစ်ဦး၏လက်ချက်ဖြင့် အထက်တန်းကျောင်းသားတစ်ဦးသေဆုံးပြီး သုံးဦးအပြင်းအထန် ဒဏ်ရာရသည်။
- အောက်တိုဘာ၂၆ရက်တွင် ဗဟိုအာကန်ဆပ်တက္ကသိုလ်၌ သေနတ်ပစ်မှု တစ်ခုဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိသည်။
- နိုဝင်ဘာ ၂၃ရက်က ဆီတဲလ်မြို့ ဆင်ခြေဖုံး၌ ဆယ်ကျော်သက်တစ်ဦးက လူငယ်တစ်ဦးကို ပစ်သတ်လိုက်သည်။ အခြားသူတစ်ဦး လည်း ထိမှန်ကာ အပြင်းအထန် ဒဏ်ရာရသွားသည်။
- ဒီဇင်ဘာ ၁၄ရက်တွင် လော့စ်အိန်ဂျလိစ်မြို့ ဆင်ခြေဖုံး၌ ခရစ္စမတ်အကြိုကာလ စုရုံးစဉ် စန်တာကလော့စ်ဘိုးဘိုးကြီးဝတ်စုံဝတ်ထားသူတစ်ဦးက လူကိုးဦးကို ပစ်သတ်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားသည်။
- ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၄ရက်က ကန်ဆပ်ပြည်နယ်ဝီချီတာမြို့၌ သေနတ်သမားတစ်ဦး၏လက်ချက်ဖြင့် လူနှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရသည်။ ထိုနေ့တွင် အော်ရီဂွန်ပြည်နယ် ပို့လင်းမြို့၌ သေနတ်သမားတစ်ဦး၏ လက်ချက်ဖြင့် ဆယ်ကျော်သက် နှစ်ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရသည်။
- ဖေဖော်ဝါရီ ၂၄ရက်တွင် နယူးအော်လင်းမြို့၌ သေနတ်သမား၏လက်ချက်ဖြင့် အနည်းဆုံး လူခုနစ်ဦးဒဏ်ရာရသည်။
- မတ် ၁၀ရက်၌ အယ်လ်ဘားမားပြည်နယ်အတွင်း သေနတ်သမားက ၎င်း၏ မိခင်၊ အဘွားနှင့် အခြားဆွေမျိုးသားချင်းအပါအဝင် လူ ၁၀ဦးကို ပစ်သတ်လိုက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားသည်။
- မတ် ၁၅ရက်တွင် မီယာမီမြို့၌ သေနတ်သမားက လူလေးဦးကို ပစ်သတ်လိုက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့သည်။

(အင်တာနက်)

ဒေါင်းမွေးမင်္ဂလာဝတ်စုံ

တရုတ်နိုင်ငံ ကျင်စုပြည်နယ်၏မြို့တော် နန်ကျင်းမြို့တွင် ဒေါင်းမွေးများဖြင့် ပြုလုပ်ထားသော မင်္ဂလာဝတ်စုံ ဝတ်ဆင်ထားသည့် အလှမယ်တစ်ဦးကို မတ် ၃၀ရက်က တွေ့ရစဉ်။

(ယင်းမင်္ဂလာဝတ်စုံကို ဒေါင်းမွေးပေါင်း၂၀၀၉ခုဖြင့် နှစ်လအချိန်ယူကာ လူရှစ်ဦးက ချုပ်လုပ်ခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ဖော့က်ကလန်ကျွန်းအရေး ဗြိတိန် ပြန်လည်ညှိနှိုင်းရန်လို

ဗီနာဒဲလ်မာ မတ် ၃၀

မာဗီးနပ်စ်ကျွန်းစု (ဖော့က်ကလန်ကျွန်း)၏ အချုပ်အခြာအာဏာနှင့် စပ်လျဉ်း၍ ပြန်လည်ညှိနှိုင်းရန် အာဂျင်တီးနားသမ္မတ ခရစ္စတီးနာဖာနန်ဒက်က မတ် ၂၈ရက်တွင် ဗြိတိန်နိုင်ငံအား တိုက်တွန်းလိုက်သည်။

တိုက်တွန်း

ချီလီနိုင်ငံ ဆိပ်ကမ်းအပန်းဖြေမြို့ ဗီနာဒဲလ်မာ၌ မတ် ၂၈ ရက်က တိုးတက်သော ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးတွင် အာဂျင်တီးနားသမ္မတ ခရစ္စတီးနာ ဖာနန်ဒက်က အထက်ပါအတိုင်း တိုက်တွန်းပြောကြားခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဝန်ကြီးဦးစိုးသာနှင့် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တွံတေးမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၂၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့သည် ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်တိုင်း တွံတေးမြို့နယ် တလုပ်ထော်ကျေးရွာ ရွာမကျောင်းတိုက်၌ တလုပ်ထော်ကျေးရွာအုပ်စု ကွမ်းခြံနှင့် ဈေးသစ်ရပ်ကွက်တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အမှာစကားပြောကြား

တွေ့ဆုံပွဲတွင် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဝန်ကြီးဦးစိုးသာတို့က အမှာစကားပြောကြားကြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဝန်ကြီးဦးစိုးသာနှင့် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့သည် တလုပ်ထော်ကျေးရွာအုပ်စု ကွမ်းခြံနှင့် ဈေးသစ်ရပ်ကွက်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန်၊ တလုပ်ထော်၊ မူးလမန်း၊ တောင်ကုန်းကျေးရွာတို့၌ လမ်းနှင့်တံတား ပြုပြင်တည်ဆောက်ရန်တို့အတွက် ပံ့ပိုးဖြည့်ဆည်းပေးကြသည်။ ထို့အပြင် ကျေးရွာများနှင့် ရပ်ကွက်များ၌ အများသုံးတယ်လီဖုန်းတပ်ဆင်ရေး၊ အခြေခံပညာကျောင်းများအတွက် စာရေးခုံများရရှိရေးနှင့် စာသင်ဆောင်များ ပြုပြင်ဆောက်လုပ်ရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများနှင့် အများသုံးစက်ရေတွင်း တူးဖော်ရေးလုပ်ငန်းများအတွက် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တွံတေးမြို့နယ် တလုပ်ထော်ကျေးရွာအုပ်စု ကွမ်းခြံနှင့် ဈေးသစ်ရပ်ကွက်တို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကိုရီးယား အမှတ်တံဆိပ်ပစ္စည်းများ ဈေးကွက်မိတ်ဆက်

ရန်ကုန် မတ် ၂၀

NEO TECH Digital Village မှ Korea အမှတ်တံဆိပ် တစ်ခုဖြစ်သော CAMAC Speaker၊ CAMAC Keyboard၊Unicode လက်ကွက် Keyboard (CAMAC) ဆက်စပ်ပစ္စည်းများ ဈေးကွက်မိတ်ဆက်ပွဲကို မတ်၂၄ရက် မွန်းလွဲ၁နာရီက မန္တလေးမြို့ ၃၆လမ်းနှင့် ၇၈လမ်းထောင့်ရှိ Cafe Melody ၌ကျင်းပရာ မန္တလေးတိုင်း ကွန်ပျူတာပညာရှင်အသင်း၊ လုပ်ငန်းရှင်အသင်းတို့မှ အဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ NEO TECH Digital Village မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိတ်ဆက်ပြောကြား

ရှေးဦးစွာ NEO TECH Digital Village မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာဦးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး **(အောက်ပုံ)** CAMAC အမှတ်တံဆိပ်ပါ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးနှင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုအာမခံချက်များကို ရှင်းလင်းမိတ်ဆက် ပြောကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ကုမ္ပဏီမှ ခင်းကျင်းပြသထားသည့် CAMAC အမှတ်တံဆိပ်ပါ ထုတ်ကုန်ပစ္စည်းများကို အခမ်းအနားတက်ရောက်သူများက ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်သွယ်ဝယ်ယူနိုင်

အဆိုပါ CAMAC အမှတ်တံဆိပ်ပါ ကွန်ပျူတာဆက်စပ်ပစ္စည်းများအပြင် Laptop, Desktop နှင့် အခြားဆက်စပ်ပစ္စည်းများ၊ TP Link Network ပစ္စည်းများကို အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲလိုပါက အမှတ် ၁၃၃ (မြေညီ) ဆိပ်ကမ်းသာလမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၇၁၀၇၅၂၊၂၅၃၁၀၅၊ ၀၉-၅၀-၄၂၅၈စနှင့်၇၈လမ်း (၃၁×၃၂)လမ်းကြား ဘူတာကြီးတောင်ဘက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၉-၅၀-၄၃၁၂၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြုရေး

အက်စကက်အဖွဲ့ဝင်နိုင်ငံများ၊ ကုလအဖွဲ့အစည်းများနှင့် ရင်းနှီးစွာဆွေးနွေး

ရန်ကုန် မတ် ၂၀

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အက်စကက်အမှုဆောင် အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၂၅ရက်မှ ၂၇ရက်အထိ ကျင်းပသည့် သဘာဝဘေးအန္တရာယ် သက်ရောက်မှုလျော့ပါးရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

မိန့်ခွန်းပြောကြား

မတ်၂၅ရက်တွင် ဗန်ကောက်မြို့ ကုလသမဂ္ဂအစည်းအဝေးခန်းမ၌ ကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲတွင် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီး သဘာဝဘေးအန္တရာယ် သက်ရောက်မှု လျော့ပါးရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အတွေ့အကြုံနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိရောက်သည့် စီမံခန့်ခွဲမှု၊ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာတို့နှင့် ပတ်သက်ပြီး မိန့်ခွန်းပြောကြားသည်။

ရင်းနှီးပွင့်လင်းစွာ

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ဥက္ကဋ္ဌသည် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အက်စကက်အမှုဆောင် အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာအား သီးခြားတွေ့ဆုံခဲ့ပြီး **(ယာပုံ)**မြန်မာနိုင်ငံ၏ နာဂစ်မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှုအထောက်အကူပြုရေး၊အနာဂတ် သဘာဝဘေး တားဆီးကာကွယ်ရေးအစီအမံများအတွက် အက်စကက်အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နည်းပညာ အတွေ့အကြုံဖလှယ်ကာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ASEAN Resource Centre ဖြစ်သည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကို အက်စကက်၏အခန်းကဏ္ဍမှ အထောက်အကူပြုနိုင်မည့် အခွင့်အလမ်းတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

တက်ရောက်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၆ရက်နှင့် ၂၇ရက်တို့တွင် ကုလသမဂ္ဂ အစည်းအဝေးခန်းမ၌ပင် ဆက်လက်ကျင်းပသည့် သဘာဝဘေးအန္တရာယ် သက်ရောက်မှုလျော့ပါးရေးဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

ပြန်လည်ရောက်ရှိ

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၈ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၁)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၀ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဖြိုး တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသူ ၃၀ တက်ရောက်အောင်မြင်ခဲ့ကြသည်။

ထို့အတူ ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၄၃)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၀ရက်က သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းသူ ၆၉ဦး တက်ရောက်အောင်မြင်ခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ မူဆယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းဆတ်၊ ကချင်ပြည်နယ် ဗန်းမော်၊ ပူတာအို၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ ချင်းပြည်နယ်ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက် မြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၏ သင်တန်းဆင်းပွဲများကိုလည်း သက်ဆိုင်ရာသင်တန်းကျောင်း အသီးသီးတွင် ကျင်းပခဲ့ကြကြောင်းနှင့် တက်ရောက်ခဲ့သည့် သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွားအပြန် ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များနှင့် သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိတ်၌ အောင်မင်္ဂလာလူငယ်များစာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

မြိတ် မတ် ၂၀

မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာလူငယ်များ စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကို မတ် ၁၉ရက် ည ၇နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြိတ်တောင်ကျေးရွာဥက္ကဋ္ဌ ဦးသောင်းအေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီချိုက စာဖတ်ခြင်း၏ အကျိုးတရားများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာကြည့်တိုက် အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးတင်လတ်က စာကြည့်တိုက် အချက်အလက်များ တင်ပြဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

နောင်မွန်၌ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

နောင်မွန် မတ် ၂၀

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကွမ်လင်းကျေးရွာ လင်းစာကြည့်တိုက်၊လုံးခါးကျေးရွာ ထီထုစာကြည့်တိုက်နှင့် ရပ်ဘော့-၂ ကျေးရွာ သာယာကုန်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲများကို ဖေဖော်ဝါရီ ၇ရက်က အဆိုပါ စာကြည့်တိုက်များ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးဖုန်ဇီးဒီးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မာရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်ထံမှ လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို မြို့နယ် အလုပ်အမှုဆောင် ဦးချန်တန်မာခေါက ကျေးရွာဥက္ကဋ္ဌ ဦးယောနသန်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးလုပ်ငန်းညှိနှိုင်း

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၂ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ ပြည်နယ်ရုံး၌ ကျင်းပရာ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအယ်လ်တူးရိန်က ၂၀၀၈-၂၀၀၉လုပ်ငန်းများဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များအပေါ်သုံးသပ်ပြီး ၂၀၀၉-၂၀၁၀ ဆောင်ရွက်ရမည့် လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြမှုအပေါ် ပြည်နယ်ဦးစီးဌာနမှူးက ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (ပြည်နယ် ငါးဦးစီး)

ဆီဆိုင်မြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု နန်းသြကျေးရွာ အောင်ပညာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၅ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံသစ်၌ကျင်းပရာ မြို့နယ်အဖွဲ့ဝင် ဒုတိယရဲမှူးလှကြွယ်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခွန်ချစ်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များကစာအုပ်နှင့်ငွေပဒေသာပင်ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံကြသည်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီး၌ ပေါင်းစည်းလယ်ယာဆောင်ရွက်

နွားထိုးကြီးမြို့နယ် ပေါင်းစည်းလယ်ယာတွင် စားသုံးသီးပင်များ စိုက်ပျိုးရန် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ကွင်းဆင်း၍ မတ်ဖရက်က ဆောင်ရွက်ရာ နေ့နမ်း၊ မိုးစပါးစိုက်ပျိုးရန် ငါးဇကနှင့် နွား၊ ဝက်၊ တီမွေးမြူပြီး ဇီဝဓာတ်ငွေ့ထုတ်၍ လျှပ်စစ်မီးလင်းရန် စီစဉ်လျက်ရှိသည်။ အဆိုပါ ပေါင်းစည်းလယ်ယာမှာ ပြင်စည် အရှေ့ဘက်၊ ရန်ကုန်-မန္တလေး ရှစ်လမ်းသွား ကွန်ကရစ်လမ်းအနီးတွင် မြို့နယ်အစီအစဉ်ဖြင့် ၁၀ဧက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ *(၀၉၂)*

မင်းတပ်၌ လယ်ယာသန်းခေါင်စာရင်းကောက်

မင်းတပ်ခရိုင် မင်းတပ်မြို့နယ် မြေစာရင်းဦးစီးဌာနမှ ၂၀၁၀ပြည့်နှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း ဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ၂၃ရက်က မင်းတပ်မြို့နယ် မြေစာရင်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်နှင့် မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးဘွေခဲတို့က သင်တန်းပို့ချကြပြီး ဖေဖော်ဝါရီ ၂၄ရက်က ဝန်ထမ်းများ ကွင်းဆင်း စာရင်း ကောက်ယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရတနာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများပူးပေါင်း၍ မတ်၄ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာ ဒုတိယဦးစီးမှူး(ဈေး) ဦးတင်မောင်သန်းက ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ *(ခရိုင် ပြန်/ဆက်)*

မိုးကောင်းမြို့၌ ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်

မိုးကောင်းမြို့ ၂၀၀၉ခုနှစ် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မတ် ၈ရက် ညနေက မြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်း၌ ကျင်းပရာ နတ်ကြီးကုန်း ရပ်ကွက်ဘောလုံးအသင်းက အလယ်ရပ်ကွက်ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က ပထမရရှိသော အသင်းအား ဒိုင်းဆုနှင့် တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။ **(၀၀၁)**

ယင်းမာပင်၌ တိုင်းရင်းဆေးပညာအခြေခံသင်တန်းဖွင့်

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးရွာ၌ မီးဖိုချောင်သုံးဆေးဖက်ဝင်အပင်များအသုံးပြုနည်း၊ တိုင်းရင်းဆေးပညာအခြေခံသင်တန်းဖွင့်ပွဲနှင့် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း သင်တန်းကို ဖေဖော်ဝါရီ ၇ရက် နံနက် ၁၀နာရီက ရင်ပေါင်တိုင်ကျေးရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ခရိုင် ဥက္ကဋ္ဌဦးခင်မောင်ကျော်က အမှာစကားပြောကြားပြီး ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

စစ်ကိုင်း၌ အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာန အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၄/၂၀၀၉) ဖွင့်ပွဲကို မတ်၂၃ရက် နံနက်၇နာရီက စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်က အမှာစကားပြောကြားပြီး မီးသတ်စခန်းမှူးဦးလှမြတ်စိုးကသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၈၅ဦးတက်ရောက်ကြသည်။ ***(ခရိုင် ပြန်/ဆက်)***

ဆင်ခြေထောက်ရောဂါကင်းဝေးရေး အသိပညာပေး

အရာတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ၂၀၀၉ခုနှစ် ဆင်ခြေထောက် ရောဂါကင်းဝေးရေး ဆေးတိုက်ကျွေးခြင်းလုပ်ငန်း အသိပညာပေးပွဲကို မတ် ၁၅ရက် နံနက်ပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်မင်းက ဆင်ခြေထောက်ရောဂါ ဖြစ်ပွားရခြင်းနှင့် ကြိုတင်ကာကွယ်ရေး ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို အသိပေး ရှင်းလင်းပြောကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

အင်္ဂပူမြို့နယ်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်

ရန်ကုန် မတ် ၃၀

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ်၂၈ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့သစ်လုပ်ငန်းခန်းမရုံး၌ ကျင်းပရာ အသင်းနာယက သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးနှင့် အသင်းအမှုဆောင်များက အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးဘိုးဘွား ၂၉ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြ၍ အင်္ဂပူမြို့နယ်အသင်းသို့ ဝန်ကြီးနှင့် အလှူရှင်များက ငွေကျပ် ၇၈သိန်း ပေးအပ်လှူဒါန်းကြပြီး ဝန်ကြီးက ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ကာ အသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူ မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး တွင် ထူးချွန်ကျောင်းသား ကျောင်းသူ များအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လယ်ထွန်စက်အကြောင်းရှင်းလင်းပွဲကျင်းပ

မြင်းကောင်ရေ ၁၂၀ (120 HP)ရှိ MF 465 အမျိုးအစား Massey Ferguson Tractor ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃၀

Universal Tractor Co.,Ltd. (Myanmar) နှင့် Multi-Corporation(S) Pte., Ltd. (Singapore) တို့ပူးတွဲကျင်းပသော Massey Ferguson Tractors နှင့် စပ်လျဉ်းသည့် ဆက်စပ်ပစ္စည်းများအကြောင်း ရှင်းလင်းပွဲကို မတ် ၂၄ရက် နံနက် ၉နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ကျင်းပရာ အင်္ဂလန်နိုင်ငံ AGCO (Massey Ferguson Tractors and Implements) Co., မှ Mr. Paul Burridge (General Manager) နှင့် စင်ကာပူ သမ္မတနိုင်ငံ Multi-Corporation (S) Pte., Ltd. မှ Mr. Michael Wong Toh Tueng (Deputy General Manager) တို့က ဦးဆောင်ဆွေးနွေးကြသည်။

ထုတ်လုပ်ဖြန့်ဖြူး

Massey Ferguson (MF) Tractors များကို အင်္ဂလန်နိုင်ငံရှိ AGCO Co. မှ လွန်ခဲ့သော နှစ်ပေါင်း ၅၀က စတင်ထုတ်လုပ်၍ ကမ္ဘာတစ်ဝန်းလုံးသို့ ဖြန့်ဖြူးခဲ့ရာ ယခုအခါ နိုင်ငံအသီးသီးမှ လယ်ယာနှင့်စိုက်ပျိုးရေး လုပ်ငန်းများ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ ယင်းထရက်တာများကို မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး လုပ်ငန်းများ၊ ဥယျာဉ်ခြံမြေလုပ်ငန်းများ၊ မြေသားပြုပြင်ထိန်းသိမ်းခြင်းနှင့် အလှဆင်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိရာ လုပ်ငန်းအမျိုးအစားအလိုက် ထရက်တာ အမျိုးအစားပေါင်း (မြင်းကောင်ရေ ၁၅ ဒသမ ၅ မှ ၂၈၈အထိ) ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိသည်။

Universal Tractor Co.,Ltd.သည် ယင်းMassey Ferguson Tractors နှင့် Implementsများကို မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ်အဖြစ် ၂၀၀၇ ခုနှစ်မှစတင်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အသုံးပြုနိုင်

Massey Ferguson Tractor အမျိုးအစားများစွာရှိသည့်အနက် MF8200 Xtra (မြင်းကောင်ရေ ၂၃၁ မှ၂၈၈)သည် စိုက်ပျိုးရေးလုပ်ငန်း အခြေခံမြေပြုပြင်ရာတွင် လည်းကောင်း၊ MF2400(မြင်းကောင်ရေ ၃၃ မှ ၄၇)သည် အသေးစားမြေယာလုပ်ငန်းများတွင်လည်းကောင်း၊ MF7400(မြင်းကောင်ရေ ၁၂၀မှ ၁၈၅)၊ MF6400 6 cyl. (မြင်းကောင်ရေ ၁၂၀ မှ ၂၁၅)၊ MF600 (မြင်းကောင်ရေ ၁၃၈ မှ ၁၆၅) တို့သည် မြင်းကောင်ရေ အားများသည်နှင့်အမျှ အထူးလိုအပ်သည့်မြေယာနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင်လည်းကောင်း အသုံးပြုနိုင်သည်။ အပေါ့စား ထရက်တာ ဖြစ်သော MF1200 (မြင်းကောင်ရေ ၁၅ဒသမ၅ မှ ၃၈ အထိ)များကို ဥယျာဉ်ခြံမြေ လုပ်ငန်းများ၊ ဂေါက်ကွင်းပြုပြင်ထိန်းသိမ်းမှုများ၊ အားကစားကွင်း ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများတွင် အသုံးပြုနိုင်သည်။

စီမံထား

ယခုအသစ်ထုတ်လုပ်ထားသော MF6400 4cyl., MF5300, MF5400 နှင့် MF3400တို့သည် (မြင်းကောင်ရေ ၆၄ မှ၁၂၅)အတွင်းရှိပြီး ကျဉ်းမြောင်းသော ဧရိယာများအတွင်း မောင်းနှင်ရွှေ့လျားနိုင်အောင် ဖန်တီးထားကာ အသုံးပြုရာတွင် လွယ်ကူသက်သာမှုရှိစေရန်လည်း စီမံထားသည်။

Massey Ferguson Tractors နှင့် Implements များကို မြန်မာနိုင်ငံအတွက် တာဝန်ယူဖြန့်ဖြူးပေးနေသော Universal Tractor Co., Ltd. သည် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရွှေမာလာရိပ်မွန် တိုက်အမှတ် (F/S-2)တွင်တည်ရှိပြီး ဆက်သွယ်နိုင်သော ဖုန်းများမှာ ၀၁-၅၃၆၄၉၃၊ ၅၀၅၉၀၁နှင့် ၅၃၀၈၉၃ တို့ဖြစ်သည်။ e-mail လိပ်စာမှာ multico-att@myanmar.com.mm, ut- myanmar@myanmar.com.mm, unitsales@myanmar.com.mm တို့ဖြစ်သည်။ Massey Ferguson နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက www.massey ferguson.com၌ကြည့်ရှုနိုင်သည်။ Massey Ferguson Tractors နှင့် Implements များဝယ်ယူလိုသူများအတွက် လိုအပ်သောဝန်ဆောင်မှုများကို Universal Tractor Co., Ltd. က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

လျှပ်စစ်မီးသီးများတပ်ဆင်

ရန်ကုန် မတ် ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ခြောက်လမ်းသွားနိုင်လွန်ကတ္တရာ လမ်းမကြီးတစ်လျှောက် ပျက်စီးနေသော လျှပ်စစ်ဓာတ်တိုင်များရှိ ဆိုဒီယမ်မီးသီးများကို ယမန်နေ့ နံနက်မှ ညနေပိုင်းအထိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ လမ်းမီးဌာနနှင့် သဃ်္ဃန်းကျွန်းမြို့နယ် လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်း၍ ညပိုင်းတွင် မော်တော်ယာဉ်များ၊ စက်တပ်ယာဉ်များ အန္တရာယ် ကင်းရှင်းစွာ မောင်းနှင် သွားလာနိုင်ရေးအတွက် လမ်းမီးသီးများ အမြန်ဆုံးကောင်းမွန်ရေး တပ်ဆင်ပြုပြင်ဆောင်ရွက်ခဲ့ကြသည်။

(ယာပုံ) **(၁၂၁)**

ပခုက္ကူ၌ အခြေခံနှင့်အဆင့်မြင့် အိမ်တွင်းမှုသင်တန်းဆင်း

ပခုက္ကူ မတ် ၃၀

ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၀)နှင့် အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၀ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ကျင်းပရာ သင်တန်းဆင်း လက်မှတ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်က လည်းကောင်း၊ သင်တန်း ထူးချွန်ဆုရသူများကို ခရိုင်ဥက္ကဋ္ဌကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **(၀၇၀)**

မြစ်ကြီးနား၌ ကျေးရွာစိမ့်စမ်းရေသွယ် ရေပေးရေးဆောင်ရွက်

မြစ်ကြီးနား မတ် ၃၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးသက် ကြီးကြပ်ကာ ပြည်ထောင် ကျေးရွာ စိမ့်စမ်းရေသွယ် ရေပေးရေးအတွက် ဂါလန် ၂၄၀၀ဆံ့ အုတ်ရေကန်နှင့် အရှည်ပေ ၁၄၀၀ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို မတ် ၃ရက်က မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာ သုတဝေစာကြည့်တိုက်ဖွင့်

ကျောက်ကြီး မတ် ၃၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အရှေ့ပိုင်း) ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာ၌ သုတဝေစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၆ရက် နံနက် ၉နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်အိတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပဲခူးတိုင်း(အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများကို ဆွေးနွေး ဟောပြောကာ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်က စာကြည့်တိုက်ရေရှည်တည်တံ့ ခိုင်မြဲရေး နည်းလမ်းများကို ဆွေးနွေး ဟောပြောသည်။

ဆက်လက်၍ သုတဝေစာကြည့်တိုက်အတွက် ရန်ကုန်မြို့နေ ဦးစိုးလွင်၊ ဒေါ်ခင်တုတ်မိသားစုက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ စာအုပ် ၂၂၀၊ ရန်ကုန်မြို့နေ မိုးယံရွှေလမင်း ထီဆိုင်ပိုင်ရှင် ဦးမျိုးညွန့်၊ ဒေါ်တင်တင်မြင့်မိသားစုက ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ စာအုပ် ၂၂၀၊ မြို့နယ်ဦးစီးမှူး ဒေါ်နှင်းယုအောင်က စာအုပ်မျိုးစုံအုပ် ၇၀၊ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့က ဂျာနယ်မျိုးစုံ အုပ်၂၀၊ ကိုငွေးဇော်မိသားစုက လစဉ်ထုတ် မဂ္ဂဇင်း အုပ်၅၀လှူဒါန်းပြီး ဦးဇော်မင်းမိသားစုက လှူဒါန်းငွေကျပ် ၅၀၀၀၀၊ ဦးအေးကျော်မိသားစုနှင့် ဦးအုန်းမောင်မိသားစုတို့က ငွေကျပ် ၃၀၀၀၀စီနှင့် ဦးမြင့်ဦး မိသားစုက ငွေကျပ် ၂၀၀၀၀ကို စာကြည့်တိုက် ကော်မတီသို့ ပေးအပ်လှူဒါန်းသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံတန်ဖိုးမှာ ငွေကျပ် ၁၈၂၃၀၀၀ဖြင့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်စည်ပင် စကားဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျိုက်ထို မတ် ၃၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ခဲ့သော အကျယ် ၁၂ပေ၊ အရှည် ပေ ၁၀၉၀၊ လမ်းထုကိုးလက်မရှိ ဇေယျာမွန်ရပ်ကွက် စကားဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ရက် နံနက် ၈နာရီက မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတောက်ထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမှုဆောင်အရာရှိ ဦးနေထက်ရှိန်က စကားဝါလမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လမ်းဖွင့်ပွဲ အမှတ်တံဆိပ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတောက်ထွန်းထံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်က ပေးအပ်သည်။**(အောက်ပုံ)**

အဆိုပါလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက လမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စံ(၅)ရပ်နှင့်အညီ ကျေးလက်စာကြည့်တိုက်ဖွင့်

ရန်ကုန် မတ် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ကေးကျေးရွာ၌ စံ(၅)ရပ်နှင့်အညီ သင့်ဘဝတိုးတက်ရေး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ်၂၅ရက် နံနက်၁၀နာရီက ယင်းစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးသက်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လက်ခံယူ

ယင်းနောက် ဖွင့်ပွဲအစီအစဉ် ဒုတိယပိုင်းကို ခန်းမအတွင်း၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးဦးသက်ဦးက စာကြည့်တိုက် ရှင်သန် ဖွံ့ဖြိုးရေးအတွက် ထားရှိရမည့် စံ(၅)ရပ်ကို ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်အတွက် စွမ်းအင်ဝန်ကြီးဌာနက တစ်ဆင့်လှူဒါန်းသည့် စာအုပ်၁၂၀ကို မြို့နယ်ဦးစီးမှူးဦးသက်ဦးကလည်းကောင်း၊ စာကြည့်တိုက် ရန်ပုံငွေကျပ်တစ်သိန်းကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်တစ်ဦးက လက်ခံယူခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နွေရာသီအားကစားသင်တန်းဖွင့်ပွဲ ကျောက်မဲတွင်ကျင်းပ

ကျောက်မဲ မတ် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ မတ်၂၀ရက် နံနက် ၉နာရီက မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ၊ ခရိုင်နှင့်မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအားကစားသင်တန်းဖွင့်ပွဲ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အားကစားမောင်မယ်များက အားကစားနည်းအလိုက် အသီးသီး သရုပ်ပြဖျော်ဖြေပေးခဲ့ကာ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ N.G.Oအဖွဲ့အစည်းများ၊ သင်တန်းသား သင်တန်းသူ၂၀၀ စုစုပေါင်းအင်အား၃၀၅ဦး တက်ရောက်ကြသည်။

ကူညီပံ့ပိုး

အဆိုပါသင်တန်းတွင် ရေကူး၊ အေရိုးဗစ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဘောလုံးနှင့် မြန်မာ့သိုင်းစသော အားကစားနည်းခြောက်မျိုး သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများက သင်တန်းဖြစ်မြောက်ရေးအတွက် အလှူငွေကျပ် ကိုးသောင်းငါးထောင်အား ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် အား/ကာ)

တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၃၀

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့အခမ်းအနားနှင့် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို တာမွေမြို့နယ် သင်္ဂဟလမ်း အမှတ်၉၃ ယမန်နေ့ နံနက် ၉နာရီခွဲက ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်ဆွေ (ရွှေစွန်ညို)၊ တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးစိုးအောင် (စိုးအောင်)တို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌက ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးနေလင်း (လူနေလင်း)က ဖတ်ကြားကာ စတုတ္ထအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံများကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်)က ရှင်းလင်းတင်ပြပြီး နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို အတွင်းရေးမှူး ဦးလှရွှေ (ကိုတူး-အညာမြေ)က ဖတ်ကြားအတည်ပြုကြောင်း သိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ တန့်ယန်းမြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးတို့ ပါဝင်ကြီးကြပ် ဆောင်ရွက်စဉ်။ (၁၂၃)

ဆီဆိုင်မြို့နယ်၌ ပညာဗိမာန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဆီဆိုင် မတ် ၃၀

ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ဝါးခရာကျေးရွာ ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၅ရက်က အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးလှကြွယ်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခွန်ချစ်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဦးစီးမှူး ဦးနေမျိုးသူရိန်က စာအုပ်စာစောင်အုပ် ၁၀၀၊ အလှူရှင်များက စာကြည့်တိုက် ငွေပဒေသာပင်အတွက်အလှူငွေကျပ်နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံကြသည်။ (မြို့နယ် ပြန်/ဆက်)

တနိုင်း၌ ခိုင်မာစာကြည့်တိုက်များ ဖြစ်ပေါ်ရေးဆောင်ရွက်

တနိုင်း မတ် ၃၀

ကချင်ပြည်နယ် တနိုင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာများ၌ ခိုင်မာရှင်သန်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် မတ် ၁၃ရက်က ရှိန်လုံဂါးကျေးရွာနှင့် ပန္နက်ကျေးရွာများသို့လည်းကောင်း၊ မတ် ၁၄ရက်က မကောကျေးရွာ၊ ကျောင်းကုန်ကျေးရွာများသို့လည်းကောင်း၊ မတ်၁၅ရက်က လမုန်ကျေးရွာသို့လည်းကောင်း ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးအောင်အောင်ထွေးနှင့်အတူ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးအရာရှိ ဦးဝင်းကိုကိုတို့နှင့်အတူ လိုက်ပါဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ရသော ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာပေလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာစာပေ ကမ္ဘာသို့ထိုးဖောက်ပျံ့နှံ့ရေးကြိုးပမ်း

ပြည်သူလူထုတစ်ရပ်လုံး စာဖတ်သည့်အလေ့အကျင့် စွဲမြဲကျယ်ပြန့်လာစေရေးဆောင်ရွက်

မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်ဆုတ်ယုတ်နိုင်သည့် နိုင်ငံတကာမှ မီဒီယာထိုးဖောက်လွှမ်းမိုးမှုများကိုကာကွယ်

ရန်ကုန် မတ် ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ရသော ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို (အေ)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် အကြံပေးအရာရှိများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော ကော်မတီအဖွဲ့များတွင် ပါဝင်ကြသည့် စာပေနှင့်အနုပညာရှင် ဆရာကြီး ဆရာမကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာတာဝန်၊ စာပေနှင့် အနုပညာဆိုင်ရာတာဝန်ဟူ၍ အဓိကတာဝန်နှစ်ရပ်ကို ထမ်းဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့်သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ သွက်လက်မြင့်မားစေရေးအတွက် အစဉ်ပြုပြင်ပြောင်းလဲ မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းအကောင်အထည်ဖော်

စာပေနှင့်ပတ်သက်၍လည်း မြန်မာစာပေအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ စာပေလောကသားများဘဝ တိုးတက်မြင့်မားစေရေးနှင့် မြန်မာစာပေကို ကမ္ဘာသို့ ပျံ့နှံ့ထိုးဖောက်နိုင်စေရေးကို ရည်မှန်းချက်ထားရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အနုပညာပိုင်းဆိုင်ရာ ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင်လည်း အနုပညာလောကသားများနှင့် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဂုဏ်ပြုမှတ်တမ်းတင်

ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနနှင့်အတူ စာပေ၊ ဂီတ၊ ရုပ်ရှင်ပညာရှင်များ၏ ပူးပေါင်းပါဝင်လုပ်ဆောင်မှုများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ထို့အတူ စာပေလောက ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာစာပေ ကမ္ဘာသို့ ထိုးဖောက်ပျံ့နှံ့အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတကာမှ မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်ဆုတ်ယုတ်နိုင်သည့် မီဒီယာထိုးဖောက်လွှမ်းမိုးမှုများကိုလည်း ကာကွယ်သွားကြရန် လိုအပ်ပါကြောင်း၊ အလားတူ ရုပ်ရှင်နှင့် ဗီဒီယိုဈေးကွက် ပြည်တွင်း၊ ပြည်ပ ပိုမိုကျယ်ပြန့်လာစေရေး၊ အရည်အသွေးတိုးတက်မြင့်မားစေရေးနှင့် ရုပ်ရှင်၊ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့အတူ ကျေးလက်ပြည်သူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး စာဖတ်သည့်အလေ့အကျင့် စွဲမြဲကျယ်ပြန့်လာစေရေး၊ ထူထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထာဝရတည်တံ့ခိုင်မာရှင်သန်စေရေးအတွက်လည်း ဝိုင်းဝန်းလှုံ့ဆော်ပံ့ပိုးဆောင်ရွက်မည့် အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ ပေါ်ပေါက်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွဲ့စည်းဆောင်ရွက်ရသော ကော်မတီအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် ဂုဏ်ပြုခံ ပညာရှင်များကိုယ်စား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ဟောင်းတေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီး ဂီတရွေးချယ်စိစစ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်လတ်(နောင်) ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၂၀၀၇-၂၀၁၀ ခုနှစ်တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)၊ ၂၀၀၇ ခုနှစ် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ၂၀၀၇ ခုနှစ် ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့တွင်ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဝင် ဒေါ်ပိုပိုကြည် (ပိုပိုကြည်-ဥပဒေ)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခေတ်ဟောင်း တေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတစိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီးဂီတ ရွေးချယ်စိစစ်ရေးအဖွဲ့တို့တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကလေးတင့်အောင်နှင့် မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ဦးသော်ကောင်း(သော်ကောင်း)တို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကား

ယင်းနောက် ဂုဏ်ပြုခံပညာရှင်များကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ဟောင်းတေးသီချင်း စိစစ်ရေးအဖွဲ့၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့၊ မြန်မာသီချင်းကြီးဂီတ ရွေးချယ်စိစစ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်လတ်(နောင်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂုဏ်ပြုခံပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု ကွမ်းခြံကုန်းမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၃၀

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသွားသော ကွမ်းခြံကုန်းမြို့ သုံးပန်လှလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၄ ရက်က အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးက လမ်းဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းကတ္တရာလမ်းသစ်မှာ ထပ်ပိုးလွှာ အပါအဝင် အရှည် ၄၉၅ပေ၊ အကျယ် ၁၂ ပေရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၂)လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

အထက(၂)လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းရှိ သိင်္ဂါရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် အဝေးရောက်ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားလုံးတက်ရောက်ကြရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဆရာ ဦးမင်းဇော် ဖုန်း-၅၂၂၂၅၀လိုင်းခွဲ-၂၄၀၊ ဦးမောင်မောင်(ရွှေစံအိမ်) ဖုန်း-၀၉-၅၀-၁၉၄၈၄၊ ဦးကြည်သန်း ဖုန်း-၇၂၁၇၅၁၊ ဒေါ်စန်းစန်းဝင်း ဖုန်း- ၇၂၅၆၀၈၊ ဦးအုန်းကြူ ဖုန်း-၀၉-၅၁- ၀၁၂၈၆၊ ဦးရဲနိုင်လင်း ဖုန်း-၀၉-၅၁-၀၀၃၉၃၊ ဦးရွှေသိုက် ဖုန်း-၅၀၀၄၆၀၊ ဦးမျိုးမြတ်သူ ဖုန်း-၀၉-၈၀-၃၄၇၁၀ နှင့် ဦးမျိုးခင် ဖုန်း-၀၉-၅၁-၈၇၅၄၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ဘူးသီးတောင်မြို့နယ်တွင် မြင့်မားရှည်လျားသည့် မေယုတောင်တန်းကြီးနှင့် ရေငန်မြစ်တို့ ဝိုင်းရံထားသဖြင့် မည်သို့မျှ နွေစပါး၊ ဆောင်းသီးနှံ၊ စားဖိုဆောင်သီးနှံ စိုက်မရနိုင်ဟု ထင်မှတ်ခဲ့သည်။ မြို့နယ်ဥက္ကဋ္ဌနှင့် အခြားဌာန တာဝန်ရှိသူများက နွေစပါး အောင်မြင်မှုကို တစ်ထပ်တည်း ပြောသဖြင့်သာ လိုက်ပါသွားခဲ့ရခြင်း ဖြစ်သည်။

ဘူးသီးတောင်မှသုံးမိုင်ခန့်အကွာရှိ လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု၊ ဒုံးချောင်ကျေးရွာသို့ ဘူးသီးတောင်-မောင်တောသွား ကတ္တရာလမ်းမှ ကျောက်ချောလမ်းအတိုင်း သွားကာ လယ်ကွင်းများကို ဖြတ်ကျော်သွားခဲ့ရသည်။ နာရီဝက်ခန့် ခရီးသွားရောက်သည့်အခါ မယုံနိုင်လောက်အောင် စိမ်းစိုနေသောနွေစပါးခင်းက မေယုတောင်ခြေတွင် ဇရာမကော်ဇောစိမ်းကြီး ခင်းထားဘိအလား ဆီးကြိုနေသည်။ နေရောင်အောက် လေအဝှေ့တွင် ဘယ်ညာယိမ်းကာသတင်းခရီးသည်ကို နှုတ်ဆက်နေဘိအလား တစ်ဆက်တစ်စပ်တည်း နွေစပါးဧက ၂၀၀ကား ရှုမြင်၍ မဆုံးနိုင်လောက်အောင် ဖြစ်ရတော့သည်။

တသွင်သွင်

နွေစပါးသာမက ဆီထွက်သီးနှံများ၊ စားဖိုဆောင်သီးနှံများ၊ ပိုက်ဆံလျှော်ပင်များကလည်းစိမ်းစိုနေသည်။ ပို၍ စိတ်ဝင်စားရသည်မှာ နွေစပါးခင်းများ၊ ခရမ်းခင်းများအတွင်း ကြည်လင်လှသည့် ရေသွင်းထားမှုနှင့် ရေမြောင်းများအတွင်းတသွင်သွင် စီးဆင်းနေသည့်ရေပင် ဖြစ်သည်။

ဒါးပိုင်ဆရာကျေးရွာမှ ထွက်ရှိသည့် အာလူးများကို ကြည့်ရှုလေ့လာစဉ်။

သည် တစ်နှစ်သုံးသီးစိုက်ကာ စီးပွားဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သတင်းခရီးသည်မှာကန်ပေါင်ပေါ်၌ အသင့်ချပေးထားသော ပလတ်စတစ်ထိုင်ခုံ၌ ခေတ္တထိုင်အနားယူကာ မြသားကမ္ဗလာ ရတနာကော်ဇော နွေစပါးစိုက်ခင်းကြီးကို ကြည့်မဝဖြစ်ပြီး သိလိုသမျှမေးမြန်းရာ လယ်နှစ်ဧကရှိသူမှာ တစ်နှစ်ပတ်လုံး မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံစိုက်သဖြင့် လယ်ခြောက်ဧက ပိုင်ဆိုင်သည်နှင့် ညီမျှကြောင်း၊ လက်ဝဲဒက်ပြင်ရှည်ကျေးရွာတွင် လယ်မြေဧက ၆၈၀ ရှိကြောင်း၊ လယ်သမား ၃၅၃ဦးမှ တစ်နှစ်သုံးသီး စိုက်ပျိုးကြောင်း သိရသည်။

တစ်နှစ်သုံးသီး

အဆိုပါရွာမှ ဒေသခံလယ်သမားကြီး တစ်ဦးက ယင်းပိုင်ဆိုင်သည့် လယ်ဧက ၂၀ကို တစ်နှစ်သုံးသီး စိုက်ပျိုးကြောင်း၊နွေစပါး ယမန်နှစ်က တစ်ဧက ၁၂၃တင်း ထွက်ကြောင်း၊ ယခုနှစ်တွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးသည့်အပြင် သဘာဝဓာတ်မြေဩဇာကိုလည်း တွဲဖက်အသုံးပြုသဖြင့် လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးပေးခြင်းကြောင့် လည်းကောင်း ယခု ၂၀၀၉ခုနှစ်တွင် နွေစပါးတစ်ဧက တင်း ၁၃၀ထက်မနည်း အထွက်တိုးနိုင်ကြောင်း အားပါးတရ ပြောပြသည်။

မကြာမီတွင် နွေစပါး စံပြဧက ၂၀၀စိုက်ပျိုးကြသည့် လယ်သမားများ အပါအဝင် လယ်သမား ၃၅၃ဦး စုပေါင်း၍ စပါးခြွေလှေ့စက်တစ်လုံး ဝယ်ယူတော့မည် ဖြစ်ကြောင်းနှင့် မိသားစုစားဝတ်နေရေး အဆင်ပြေသဖြင့် ဝမ်းသာကျေနပ်ကြကြောင်း ပြောပြသည်။

ဒေသခံများကို အလင်းရောင်ပေးမည့် စိုင်တင်

စိုင်တင်ရေတံခွန်မှ ဘူးသီးတောင်-မောင်တောမြို့များသို့ ရေအားလျှပ်စစ် ထုတ်လုပ်ပေးမည်ဖြစ်သဖြင့် သွားရောက်ကြည့်ရှုလိုစိတ် ဖြစ်ပေါ်လာပြီး စုံစမ်းကြည့်ရာ စိုင်တင်ရေတံခွန်သည် ဘူးသီးတောင်မှ ၂၅မိုင်ခန့် ကွာဝေးကြောင်း၊ စက်လှေဖြင့် အသွားအပြန် လေးနာရီကျော် သွားရကြောင်း၊ အမြန်ယာဉ်ဖြင့်သွားပါက နှစ်နာရီမျှကြာကြောင်းသိရှိရပြီး ခရိုင်ဥက္ကဋ္ဌက လိုက်ပါလေ့လာခွင့်ပြုသဖြင့် နေ့လယ်စာ မစားတော့ဘဲ ဘူးသီးတောင် အမြန်ယာဉ်ဆိပ်သို့သွားရောက်ခဲ့သည်။

အမြန်ယာဉ်ဆိပ်မှ ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ အဖွဲ့ဝင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမျိုးရှိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်မျိုး၊ ခရိုင်ဆည်မြောင်းဦးစီးအရာရှိ ဦးခင်ဇော်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောနေပိုင်၊ သတင်းခရီးသည်အပါအဝင် ခုနစ်ဦးတို့ Yamaha စက်နှစ်လုံးတပ်အမြန်ယာဉ်ဖြင့် စိုင်တင်ရေအားလျှပ်စစ် ထုတ်လုပ်မည့်နေရာသို့ ခရီးဆက်ကြသည်။

စက်လှေခရီးတစ်ထောက်

အမြန်ယာဉ်သည် ဘူးသီးတောင်မှ မေယုမြစ်အတိုင်း စစ်တွေဘက်သို့ ဦးတည်ခုတ်မောင်းကာ ၁၅မိနစ်ခန့်အကြာတွင် ရေချိုစိုင်တင်ချောင်းအတိုင်း ဆက်လက်ခုတ်မောင်းသည်။ ဝဲယာကမ်းဘေးတွင် ရေချိုရရှိမှု အကျိုးကျေးဇူးကြောင့် ဖြစ်ထွန်းအောင်မြင်နေသည့်ဆောင်းသီးနှံ၊နွေစပါးစိုက်ခင်းများ၊ မြစ်အတွင်း အေးချမ်းစွာသွားလာနေကြသည့် ဒေသခံများ၏ စက်လှေများကို တွေ့ရသည်။

တစ်နာရီခန့်ကြာသောအခါ သတင်းခရီးသည်နှင့် စစ်တွေမြို့၌ တွေ့ဆုံတိုင်း ရေကျအားကောင်းကာ လှပသာယာသည့် စိုင်တင်ရေတံခွန်သို့ သွားရောက်လေ့လာရန် အကြံပြုခဲ့သည့် ဦးစီးအရာရှိ ဦးကောင်းကျော်၏ လူနေမှုဘဝ တိုးတက်လာတော့မည်ကို တွေးရင်း ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

စိုင်တင်မှအပြန် ဘူးသီးတောင်သို့ ရောက်သည်နှင့် အနားမယူနိုင်ဘဲ အသင့်စောင့်ကြိုနေသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလွင်မောင်မောင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှ ဒုတိယလက်ထောက်ဦးစီးမှူးတို့နှင့်အတူ စက်လှေဖြင့် ကုလားပန်ဇင်းချောင်းအတိုင်း ဘူးသီးတောင်မှ တောင်ဘဇာသွားရေလမ်းအတိုင်း မြောက်ဘက်သို့ ခရီးဆက်ခဲ့ကြသည်။

နွေစပါး

စက်လှေပေါ်တွင် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာက မြို့နယ်အတွင်း နွေစပါး ၁၁၇၈ဧက လျာထားရာ ၁၁၂၈ဧက စိုက်ပျိုးခဲ့ပြီး အချို့လယ်မြေများ ထပ်မံစိုက်ပျိုးမည်ဖြစ်ကြောင်း၊ တစ်မြို့နယ်လုံး ဒေသ မျိုးစပါးဖြစ်သည့် ရတနာအောင်မျိုးစပါးကို အဓိကထား စိုက်ပျိုးကြောင်း၊ ဆင်းသွယ်လတ် မျိုးစပါးကိုလည်း အနည်းငယ်စိုက်ပျိုးကြောင်း၊ နွေစပါးမှာ ယမန်နှစ်က တစ်ဧက ပျမ်းမျှ ၇၈တင်းနှုန်း ထွက်ကြောင်း၊ ယခု ၂၀၀၉ခုနှစ် ပိုမိုထွက်နိုင်ကြောင်း၊ မိုးစပါးမှာ ၇၉၇၀၆ဧက စိုက်ပျိုးရာ တစ်ဧက ၇၃ဒသမ ၀၈တင်း ထွက်ကြောင်းနှင့် မြို့နယ်အတွင်း ဘူး၊ ခရမ်း၊ ကြက်သွန် ဖြူ/နီ၊ အာလူး၊ ငရုတ်စို/ခြောက်၊ မြေထောက်ပဲ၊ ဗိုလ်ကိတ်၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ဆီမုန်ညင်း၊ နေကြာ၊ ကြက်ဟင်းခါး (ဂြစ်ဟင်းခါး)၊ မြေပဲ၊ မတ်ပဲ၊ ပြောင်း၊ ပန်းနှမ်း၊ သခွား၊ ဖရုံ၊ ဖရဲတို့ စိုက်ပျိုးကြောင်းနှင့် တစ်နှစ် သုံးသီး လျှောက်စနစ်သုံးကာ ရေပေးဝေကြသည်။

ခြေကျင်ခရီး မိနစ်၃၀မျှသွားပြီး စပါး ပျိုးထောင်ထားမှု၊ နွေစပါး စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုပြီးနောက် ဒါးပိုင်ဆရာအုပ်စု၊ဒါးပိုင်ဆရာရွာ အာလူးစိုက်ခင်းနှင့် စားဖိုဆောင် သီးနှံများ မြစ်ရေတင်နည်းဖြင့် စိုက်ပျိုးအောင်မြင်နေမှုများကို လေ့ဖြင့် သွားရောက်လေ့လာခဲ့သည်။

ဘူးသီးတောင်မြို့နယ်တွင်မတ်ပဲ၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ မြေထောက်ပဲစသည့် ပဲမျိုးစုံ ၁၈၉၄၂ဧက၊ ဆီထွက်သီးနှံ မြေပဲ၊ ဆောင်းနှမ်း၊ ဆီမုန်ညင်း၊ နေကြာ၊ ပန်းနှမ်းစသည့် ဆီထွက်သီးနှံ ၁၂၀၈၃ဧက၊ ငရုတ်၊ ကြက်သွန် နီ/ဖြူ၊ အာလူး စသည့် စားဖိုဆောင်သီးနှံ၇၃၉၈ဧက၊ဟင်းသီးဟင်းရွက် ၆၅၇၂ဧကတို့ကို ဒေသဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် အောင်မြင်စွာစိုက်ပျိုးပြီးနေပေပြီ။

ရေပေးဝေမှု

အောင်မြင်ကြောင်းဖြင့် သတင်းခရီးသည်ကို ပြောပြသည်။

တစ်နာရီခန့်အကြာ သတင်းသမားအုပ်စု ဖောင်တော်ပြင်ရွာသို့ ရောက်ရာ ဒေသခံများက ဝမ်းပန်းတသာကြိုဆိုကြသည်။ ရွာပတ်ဝန်းကျင်တစ်ခုလုံး နွေစပါးစိုက်ပျိုးထားမှုနှင့်ကုလားပန်ဇင်းမြစ်မှ စက်ရေတင်နည်းဖြင့် ကောင်းကင်ရေတံလျှောက်သုံးကာ လယ်ကွက်များသို့ ရေပေးဝေနေမှုကို ထူးခြားစွာ တွေ့ရသည်။ လယ်ကွက်များအတွင်း ရေမြောင်းဖောက်ပေးခြင်းမပြုဘဲ လူတစ်ရပ်ကျော်မြင့်သည့် ဝါးတိုင်များနှင့် ရေမြောင်းလုပ်၍ ကောင်းကင်ရေတံ

စကားအတိုင်းပင် ရေတံခွန်မှရေများ အားပါးတရစီးဆင်းနေပြီးအဝတ်လျှော်သူများ၊ ရေချိုးသူများနှင့် စည်ကားနေကြောင်း၊ပတ်ဝန်းကျင် တောတောင်များကလည်း စိမ်းစိုသာယာလှကြောင်း တွေ့ရသည်။

ခရိုင်ဥက္ကဋ္ဌကမကြာမီ ၇၅ဒသမ ၅မဂ္ဂါဝပ် ကီလိုဝပ်နာရီသန်းပေါင်း ၂၃၆သန်းထုတ်လုပ်တော့မည့် စိုင်တင်ရေအားလျှပ်စစ်စီမံကိန်းကို သိသမျှ ရှင်းပြသည်။

အလုပ်အကိုင်

အမြန်ယာဉ်သည်စိုင်တင်ရေတံခွန်အရောက် ကျောက်ဆောင်များပိတ်ဆို့နေသဖြင့် ခရီးဆက်မရတော့ပါ။ စိုင်တင်ချောင်း မြစ်ဖျား၏ သာယာလှပမှုကို ငေးမောကြည့်ကာ ဘူးသီးတောင်ရဲတပ်ဖွဲ့မှ အမြန်ယာဉ်ပေါ် တင်ပေးသည့် နေ့လယ်စာကိုစားပြီး စိုင်တင်ရေအားလျှပ်စစ် ထုတ်လုပ်မည့်နေရာ တစ်ဝိုက် နေထိုင်ကြသည့် ကညင်ချောင်းအုပ်စု၊ ရေပူရွာတို့မှ တိုင်းရင်းသားများ အလုပ်အကိုင်များရကာ

အောင်မြင်ဖြစ်ထွန်းနေသည့် လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စုမှ မြေပဲစိုက်ခင်း။

အောင်မြင်ဖြစ်ထွန်းနေသော ဒါးပိုင်ဆရာကျေးရွာမှ အာလူးစိုက်ခင်းကိုလည်း ဤသို့ တွေ့မြင်ရသည်။

မေယုတောင်တန်းသည်မာကျောသည့် ကျောက်တောင်တန်းကြီးဖြစ်ပြီး အပေါ်ယံတွင် မြေသားနှစ်လက်မခန့်သာရှိသောတောင်ဖြစ်သဖြင့် ဘူးသီးတောင်မြို့နယ်အတွင်း ဆည်မြောင်းဦးစီးဌာန၊ NGO အဖွဲ့များက ဆည် ၁၇ခု၊ လျှိုပိတ်ရေလှောင်ကန် ၁၇၈ ကန်ခန့် တည်ဆောက်ကာ နွေစပါး၊ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ စိုက်ပျိုးကြကြောင်း သိရသည်။

စီးပွားရေး

တောင်ခြေများမှ သဘာဝထွက်လာသည့် ရေ၊ ချောင်းပိတ်ပြီး စက်ရေတင်ခြင်း၊ မြစ်ရေချိုမှ စက်ရေတင်ခြင်းဖြင့် ဘူးသီးတောင်မြို့နယ်

ကုလားပန်ဇင်းချောင်းမှ ရေချိုများကို စက်ရေတင်နည်းနှင့် ကောင်းကင်ရေတံလျှောက်ပြုလုပ်ကာ နွေစပါးလယ်ကွက်များသို့ ဤသို့ ရေပေးဝေခဲ့သည်။

အောင်မြင်မှု

နိုင်ငံတော်အစိုးရသည် ဘူးသီးတောင်မြို့နယ်အတွင်း နေထိုင်သူများအား မြေနေရာ၊ အိုးအိမ်၊ စိုက်ပျိုးရန်အောင်မြင်ဖြစ်ထွန်းသည့် မြေများစသည်ဖြင့် စားဝတ်နေရေးကဏ္ဍအားလုံး ဖူလုံစေရေး စောင့်ရှောက်ပေးနေသည်ကို မျက်မြင်ကိုယ်တွေ့မြင်ခဲ့ရသကဲ့သို့ ယင်းဒေသနေပြည်သူများကလည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုသိရှိကာအေးချမ်းစွာ လုပ်ကိုင်၊ စားသောက်နေထိုင်လျက် သီးနှံများ အထွက်တိုးရေး အစဉ်တစိုက်ဆောင်ရွက်ကာ နိုင်ငံတော်၏ ဝမ်းစာဖူလုံရေးကဏ္ဍကို ဖြည့်ဆည်းပေးနေကြောင်း ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့ခဲ့ရပေတော့သည်။ ။

(မြန်မာ့အလင်း)

31-3 (09).pmd 1 3/31/2009, 2:49 AM

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး

(ယမန်နေ့မှအဆက်)

၂၀၀၆ခုနှစ် ဇူလိုင်လ၌ကျင်းပခဲ့သော စတုတ္ထအကြိမ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း ညီလာခံကြီး၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က စာရေးဆရာ၊ စာနယ်ဇင်းနှင့် ပုံနှိပ်၊ ထုတ်ဝေသူများ နိုင်ငံ့အကျိုးအတွက် သယ်ပိုးဆောင်ရွက်ရန် အချက်များကို တက်ရောက်အားပေး မှာကြားခဲ့သည့်နည်းတူ နှစ်စဉ် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပလျက်ရှိသော အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲ အခမ်းအနားများတွင်လည်း နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားမှုများ ပြုခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးအနေဖြင့်လည်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့်လည်းကောင်း၊ ပုံနှိပ်သူနှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့်လည်းကောင်း အခါအားလျော်စွာတွေ့ဆုံတိုင်း အမျိုးသားရေးကိစ္စ၊ စာပေလောက ဖွံ့ဖြိုးရေးကိစ္စ၊ စာပေလောကသားများဖွံ့ဖြိုးရေးကိစ္စ အစရှိသည်တို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းနှင့်ပတ်သက်၍ ၂၀၀၈ခုနှစ် ဇွန်လ၂၈ရက်တွင် ကျင်းပသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထညီလာခံ ဗဟိုအဖွဲ့ အစည်းအဝေးတွင် ပြောကြားခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်းမှ စာပေဈေးကွက် ကျယ်ပြန့်လာရန်နှင့်ပြည်သူများ စာဖတ်အလေ့အထတိုးမြင့်လာစေရန် ဆွေးနွေးချက်အချို့ကို အောက်ပါအတိုင်း ကောက်နုတ်တင်ပြလိုပါသည်-

“စာပေလောကသားတွေဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စာပေလောကကြီး ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်၊ စာပေလောကဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စာပေဈေးကွက် ဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်၊ စာပေဈေးကွက်ကျယ်ပြန့်ဖို့ဆိုရင် ဘယ်လိုလုပ်ကြမလဲ။ ဒီလိုစဉ်းစားခဲ့ကြတာရှိပါတယ်။ ဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပြည်ပလေ့လာမှုတွေနဲ့ ကြိုးစားဆောင်ရွက်ရအောင်ပါလို့ ကျွန်တော် ဒီလိုအကြံပြုခဲ့တာ ရှိပါတယ်။ ဒါကဘာလဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ပြည်သူအများစုဟာ ကျေးလက်မှာနေကြတဲ့ ပြည်သူတွေ ဖြစ်ပါတယ်။ (၇၀)ရာခိုင်နှုန်းသော ပြည်သူတွေဖြစ်ကြပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့စာပေဈေးကွက်ဟာ မြို့နေလူတန်းစားအတွင်းမှာပဲ ရှိနေပါသေးတယ်။ ဒါကြောင့် စာပေဈေးကွက်ကျယ်ပြန့်ဖို့၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ဖို့၊ စာပေလောကသားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကျေးလက်က ပြည်သူတွေ စာများများဖတ်လာအောင်၊ Create လုပ်ဖို့ လိုမယ်ထင်တယ်လို့ ဒီလိုပြောခဲ့တာရှိပါတယ်။ ကျွန်တော့်အယူအဆကို တင်ပြရရင်တော့ ယနေ့စာပေဈေးကွက်ကျယ်ပြန့်ဖို့နဲ့ စာပေလောက ဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် အဲဒီပြည်သူတွေ များများစာဖတ်လာဖို့၊ စာဖတ်တဲ့အကျင့်ရှိလာဖို့ ဖြစ်အောင် လုပ်ကြရမယ့်ကိစ္စဟာ မလွဲမသွေလုပ်ရမယ့်ကိစ္စဖြစ်တယ်လို့ ယုံကြည်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။”

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဆွေးနွေးချက်ကို သုံးသပ်ပါက စာပေလောကနှင့် စာပေလောကသားများအနေဖြင့် ပြည်သူများ၏ စာဖတ်အလေ့အထ ယခုထက် မြင့်တက်လာစေရေးအတွက်သော်လည်းကောင်း၊ စာပေဈေးကွက် ပိုမိုကျယ်ပြန့်လာရေးအတွက်သော်လည်းကောင်း ကျေးလက်ကိုပါ အခြေခံဆောင်ရွက်ရန် အထူးလိုအပ်နေပြီဖြစ်ကြောင်းကိုတွေ့မြင်ကြရပါမည်။ ယင်းကဲ့သို့ ပြည်သူများ စာဖတ်အလေ့အထနည်းပါးခဲ့ရခြင်းမှာ နိုင်ငံအတွင်း တစ်ချိန်က ပြည်သူ့စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များနှင့် စာကြည့်တိုက်ကြီးများ ချို့တဲ့နည်းပါးခြင်း၊ ရှိသောစာကြည့်တိုက်ကြီးများမှာလည်းမြို့ပြများတွင်သာရှိခြင်း၊ စာအုပ်စာတမ်းများဝယ်ယူစုဆောင်းရန် ငွေကြေး မလုံလောက်ခြင်း၊ လူထုနှင့်ကျောင်းသားများ အသုံးပြုရန်အတွက် စာဖတ် အထောက်အကူပြုပစ္စည်းများ မလုံလောက်ခြင်း၊ စာကြည့်တိုက်များအား သေချာစွာကိုင်တွယ်ဆောင်ရွက်နိုင်သည့် ပညာတတ်လူ့အရင်းအမြစ်များ ရှားပါးခြင်း၊ ဘတ်ဂျက်အကန့်အသတ်ရှိခြင်း၊ အရင်းအမြစ်များအား စုစည်းရန် အနည်းဆုံးရှိသင့်သည့် ရန်ပုံငွေပင်မရှိခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အလားတူ စာပေဈေးကွက် ကျယ်ပြန့်မှု မရှိခြင်းသည်လည်း ပြည်သူတို့၏ စာဖတ်အလေ့အထနည်းပါးလာရာမှ စာကောင်းပေမွန်များကို လေ့လာဝယ်ယူစုဆောင်းဖတ်ရှုမှု နိမ့်ကျလာပြီး စာပေဈေးကွက်မှာလည်း တဖြည်းဖြည်းချင်း ကျဆင်းလာသောသဘော တွေ့ရှိရပါသည်။ သာမန် အပျော်တမ်း စာပေအဆင့်ကိုသာ ရွေးချယ်ဖတ်ရှုလာသော ပရိသတ်၏ လိုအပ်ချက်အရ ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည်လည်း ယင်းကဲ့သို့သော စာပေများတွင်သာ ရင်းနှီးမြှုပ်နှံမှုပြုလာ လိုကြကြောင်း တွေ့ရှိရပါသည်။ ယင်းကြောင့် ရွေးချယ်ရန် အကြောင်းအရာနည်းပါးနေသော စာပေဈေးကွက်သည် ပိုမိုကျဉ်းမြောင်းလာကာ အသိပညာ သုတရသတိုးပွားစေမည့် စာအုပ်စာစောင်ပုံနှိပ်ထုတ်ဝေမှုများလည်း ရှားပါးလာခဲ့ပါသည်။ အမှန်တွင် စာကောင်းပေမွန်များ ရင်းနှီးပုံနှိပ်ထုတ်ဝေနိုင်ရေး၊ စာပေဈေးကွက်ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာရေးနှင့် ပြည်သူတို့၏ စာဖတ်အလေ့အထ ပိုမိုမြင့်တက်လာရေးတို့မှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်လည်ပတ်နေသော စက်ယန္တရားကြီးတစ်ခုသဖွယ်၊ သံသရာစက်ဝန်းတစ်ခုသဖွယ်ရှိနေကြောင်း တွေ့မြင်ကြရပါမည်။

ထို့ကြောင့် **နိုင်ငံတော်အပိုင်းက အထက်ပါ ချိတ်ဆက်လည်ပတ်နေမှုများကို ကြိုတင်တွေးမြင်သုံးသပ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲက စာကြည့်တိုက်များနှင့်ပတ်သက်သော လိုအပ်သည့်လမ်းညွှန်မှုများ ပြုခဲ့ပါသည်။ ယင်းလမ်းညွှန်ချက်များနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန အပိုင်းကလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံအဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅အထိ တည်ဆောက်ပေါ်ထွန်း လာခဲ့ပါသည်။ ယင်း စာကြည့်တိုက်များအား ရေရှည်တည်တံ့ဖွံ့ဖြိုးသော ခိုင်မာသော စာကြည့်တိုက်များ ဖြစ်လာစေရန် စာကြည့်တိုက်ပိုင်အဆောက်အအုံနှင့် မြေရှိရန် ဆောင်ရွက်ပေးခြင်း၊ ပရိဘောဂများစုံလင်စွာရှိလာရန် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဒေသခံပြည်သူများအား စာဖတ်အလေ့အထရှိလာစေရန် ဆွဲဆောင်ပေးခြင်း၊ စာကြည့်တိုက်ပိုင်စာအုပ်များအား မပျောက်ပျက်အောင်၊ မပျက်စီးအောင် ထိန်းသိမ်းပေးခြင်းနှင့် စာကြည့်တိုက်ရန်ပုံငွေ ထူထောင်နိုင်ရန်နှင့် တိုးပွား ရရှိလာအောင် ဆောင်ရွက်ပေးခြင်း အစရှိသည့် အချက်(၅)ချက်အား အခြေခံ အကောင်အထည်ဖော်ဆောင်ရွက်လျက်လည်း ရှိပါသည်။** ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာပေဈေးကွက် ကျယ်ပြန့်လာရေးအတွက် ပြည်တွင်း သာမက ပြည်ပကိုပါ ထိုးဖောက် ဖြန့်ချိနိုင်ရန် နိုင်ငံတကာအသိအမှတ်ပြု စာနယ်ဇင်းနံပါတ် (ISSN)၊ နိုင်ငံတကာ အသိအမှတ်ပြု စာအုပ်နံပါတ် (ISBN) များ ရရှိရေးတို့အတွက်ပါ ဆောင်ရွက်နေပြီဖြစ်ပါသည်။ သို့သော်လည်း ယင်းအခြေခံများအား နိုင်ငံတော်အပိုင်းကသာ ရေရှည်အပြည့်အဝ ဆောင်ရွက်ဖြည့်ဆည်းနိုင်စွမ်း မရှိနိုင်သကဲ့သို့ စာပေလောကသားများ အပိုင်းက ချည်းသာ ဆောင်ရွက်ဖြည့်ဆည်းရန်လည်း မစွမ်းသာနိုင်ကြောင်း သုံးသပ်ကြရပါဦးမည်။ သို့ဆိုလျှင် မည်သူတွေက မည်သို့ပူးပေါင်းပါဝင် ဖြည့်ဆည်းဆောင်ရွက်ပေးကြပါမည်နည်း။

ကျေးလက်စာကြည့်တိုက်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် အဓိကအချက်များကို အကျဉ်းချုံးဆိုရပါလျှင် စာကြည့်တိုက်များအား ကိုင်တွယ်ထိန်းသိမ်းမည့် လူ့အရင်းအမြစ်၊ ရန်ပုံငွေနှင့် အုပ်ချုပ်မှုစနစ်ဟူ၍ အပိုင်းသုံးပိုင်း တွေ့ရပါမည်။ ယင်းတို့အား ဖြည့်ဆည်းပေးရန် နိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးချမ်းသာကြွယ်ဝသော ပုဂ္ဂိုလ်ကြီးများနှင့် စာကြည့်တိုက်ပညာဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင်ပညာရှင်ကြီးများ ပေါင်းစပ်ပါဝင်ဆောင်ရွက်ပေးကြလျှင် ပိုမိုပြည့်စုံအောင်မြင်လာမည်ဟု ယုံကြည်ရပါသည်။ နိုင်ငံတကာတွင် ယင်းသို့သော စီးပွားရေးလုပ်ငန်းရှင်များနှင့် တတ်သိ ပညာရှင်များ ပေါင်းစပ်ဖွဲ့စည်းတည်ထောင်ထားသည့် အသင်းအဖွဲ့များ၊ ဖက်စပ်ကော်ပိုရေးရှင်းကြီးများ၊ အစိုးရမဟုတ်သော နှစ်နိုင်ငံ ပူးတွဲတည်ထောင်ထားသည့် ကုမ္ပဏီကြီးများက ယင်းလုပ်ငန်းများကို တာဝန်ယူအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ကြရပါသည်။ ထိုသို့သော အသင်းအဖွဲ့ကြီးများကတစ်ဆင့် ဒေသတွင်းစာကြည့်တိုက်အဖွဲ့အစည်းများ၊ ကမ္ဘာလုံးဆိုင်ရာ စာပေအဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီး စာကြည့်တိုက်ပိုင်းဆိုင်ရာ လူ့အရင်းအမြစ်၊ ရန်ပုံငွေနှင့် အုပ်ချုပ်မှုစနစ်များ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်လာကြလျက်ရှိပါသည်။ ထို့အပြင် စာသင် ကျောင်းများအထိ ကွင်းဆင်းလေ့လာ၍ ကလေးသူငယ်များ စာဖတ်အလေ့အထ ဖွံ့ဖြိုးလာရေးကိုပါ တိုးမြှင့်ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ပါသည်။

ကျော်ဦးဆွေ

ဥပမာအားဖြင့် တရုတ်နိုင်ငံတွင် China Literacy Foundation Limited၊ အိန္ဒိယနိုင်ငံတွင် Book of Trust အဖွဲ့အစည်း၊ စင်ကာပူနိုင်ငံတွင် National Book Development Council၊ ဖိလစ်ပိုင်၊ နီပေါနှင့် ဗီယက်နမ်နိုင်ငံတို့တွင် Asia Trust Fund၊ လာအိုနိုင်ငံတွင် Books Box Library and the Language Project၊ အရှေ့တောင်အာရှဒေသအတွက် ASEAN Libraries Organization၊ အာရှဒေသအတွက် Asia Foundation အစရှိသော နိုင်ငံအလိုက်အဖွဲ့အစည်းများက ၄င်းတို့၏ စာပေနှင့်ဘာသာစကားများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး၊ ပြည်သူများ စာဖတ်အလေ့အထ ပိုမိုမြင့်တက်လာရေး၊ စာကြည့်တိုက် အရင်းအမြစ်နှင့်ရန်ပုံငွေများ တိုးပွားလာရေး၊ စာပေဈေးကွက် ပိုမိုကျယ်ပြန့်လာရေး အစရှိသည်တို့အတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ဒေသအဆင့်တွင်လည်း အာဆီယံစာကြည့်တိုက်များအဖွဲ့အစည်း၏ စာဖတ်သည့် အလေ့အထမြှင့်တင်ရေးဆိုင်ရာ ကွန်ဖရင့်များအား အချိန်ကာလအလိုက် သင့်လျော်သလို ကျင်းပဆောင်ရွက်ပေးလျက်ရှိပါသည်။ အာဆီယံစာကြည့်တိုက်များအဖွဲ့အနေဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းရှိစာပေဆိုင်ရာ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ တစ်ဦးချင်းအလိုက်သော်လည်းကောင်း ချိတ်ဆက်ပြီး စာဖတ်အလေ့အထ မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြပါသည်။ အလားတူပင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့တွင်လည်း Book Promotionများ ပြုလုပ်ပေးပြီး မိမိနိုင်ငံအလိုက် ပြည်သူများအား စာဖတ်အကျင့်တိုးပွားလာအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင်လည်း စာပေအပေါ် စိတ်ဝင်စားမှုရှိသောပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်ကြီးအချို့အနေဖြင့်လည်းကောင်း၊ ငွေကြေးတတ်နိုင်သော စာပေဝါသနာရှင်နှင့် ပညာရှင်အချို့အနေဖြင့်လည်းကောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ မရှိမဟုတ် ရှိကြပါသည်။ ယင်းတို့မှာ ပခုက္ကူဦးအုံးဖေ၊ ထွန်းဖောင်ဒေးရှင်း၊ သုတစွယ်စုံနှင့် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ၊ စာမူဆုပေးပွဲများဖြစ်ကြပါသည်။ သို့သော်လည်း မျက်မှောက်အချိန်တွင် ယင်းကဲ့သို့သော စာပေဆုပေးပွဲမျှနှင့် တင်းတိမ်ကျေနပ်၍ မရတော့ဘဲ နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ မိမိ၏ပြည်သူလူထုစာဖတ်အလေ့အထ မြင့်တက်လာအောင် စွမ်းဆောင်နိုင်ဖို့မှာ အရေးကြီးသော အမျိုးသားရေး လိုအပ်ချက်တစ်ရပ် ဖြစ်လာပါသည်။ **ထို့ကြောင့် စာကြည့်တိုက်ပညာဆိုင်ရာ တတ်သိပညာရှင်များ၊ စာပေပညာရှင်ကြီးများနှင့်စီးပွားရေးလုပ်ငန်းရှင်ကြီးများပူးပေါင်း၍ ကျေးလက်စာကြည့်တိုက်များ၏ လူ့အရင်းအမြစ် ရန်ပုံငွေနှင့် အုပ်ချုပ်မှု စနစ်ပိုင်းဆိုင်ရာများကို ရေရှည်ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ဖောင်ဒေးရှင်းကြီးများ၊ အသင်းအဖွဲ့ကြီးများကို ထူထောင်ကြရပါမည်။ ယင်းဖောင်ဒေးရှင်းကြီးများသည် ပြည်တွင်း၌သာမက ဒေသတွင်း၊ ကမ္ဘာအတွင်း နိုင်ငံတကာဆိုင်ရာစာပေ အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရယူပြီး မိမိနိုင်ငံ၏ စာကြည့်တိုက်နှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစိုက်မတ်မတ် ရည်ရွယ်ချက်ထား အကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါသည်။ အလားတူ ယင်းဖောင်ဒေးရှင်း အဖွဲ့အစည်းများအနေဖြင့် တစ်ဖက်၌ပြည်သူများစာဖတ်အလေ့အထ မြင့်တက်လာစေရန်အတွက် လူငယ်များ၊ ကလေးသူငယ်များမှစ၍ လိုအပ်သော လေ့ကျင့်ပျိုးထောင်ပေးခြင်းများကိုပါ ပြုလုပ်ပေးသွားကြရပါတော့မည်။ စာဖတ်အလေ့အထ တိုးပွားလာရေးအတွက်အဓိက ပျိုးထောင်ပေးရမည့် ပစ်မှတ်မှာ ကျောင်းနေအရွယ် ကလေးသူငယ်များ ဖြစ်သည့်အလျောက် မြို့ပြ၊ ကျေးလက်အပါအဝင် သက်ဆိုင်ရာတည်ရှိပြီး စာသင်ကျောင်းများ၌ ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ စာကြည့်တိုက် လူ့အရင်းအမြစ်နှင့် ရန်ပုံငွေများ မတည်ပေးခြင်း၊ ရိုးရိုးစာကြည့်တိုက်မှ ခေတ်နှင့်အညီ အီလက်ထရွန်နစ် စာကြည့်တိုက်အဆင့်အထိ ဖြစ်ပေါ်လာစေရေး အကောင်အထည်ဖော် ပံ့ပိုးဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါသည်။ ထို့အပြင် သင့်တော်သော စာသင်ကျောင်းများအလိုက် ရွေးချယ်၍ကလေးများ အတွင်း စာဖတ်စွမ်းရည် ပြပွဲ၊ပြိုင်ပွဲ၊ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ Reading Camp, Reading Contest, Book Talk, Creative Poetry Picture Book, Story Hour များ ပြုလုပ်ပေးခြင်းဖြင့် စာဖတ်အကျင့် တိုးပွားလာအောင် ဆောင်ရွက်ပေးသင့်ကြပြီဖြစ်သည်။ အထက်ပါ ဖောင်ဒေးရှင်း အသင်းအဖွဲ့ကြီးများနှင့် ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိသူများ စုစည်းပါဝင်သော ပြည်သူများ စာဖတ်အလေ့အထ မြှင့်တင်ရေးဆိုင်ရာ လူထုလှုပ်ရှားမှုပြိုင်ပွဲ၊ ပြပွဲကြီးများကိုပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် အချိန်တန်နေပြီဖြစ်ပါသည်။**

အချုပ်အားဖြင့်ဆိုရသော် စာပေဈေးကွက် ကျယ်ပြန့်လာစေရေးနှင့် စာဖတ်အလေ့အထ တိုးမြင့်လာရေးတို့အတွက် နိုင်ငံအတွင်းရှိ ငွေကြေးချမ်းသာကြွယ်ဝသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးသည်လည်းကောင်း တစ်ဦးတစ်ယောက်မှသည် အသင်းအဖွဲ့အလိုက်အထိ ပူးပေါင်းဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုး၏ ဘာသာစကား၊စာပေ၊ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ စသည်တို့ မှေးမှိန်သွားခြင်း မရှိစေရန်နှင့် ပျောက်ပျက်သွားခြင်းမရှိစေရန်မှာ နိုင်ငံသားတစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအားများ အထူးကောင်းနေရန်လိုအပ်ကြောင်းကို နိဒါန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် **နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် ကိုယ်ခံအားများကောင်းလာစေရန်အတွက် စာဖတ်အလေ့အထ မြှင့်တင်ခြင်းဟူသည့် လုပ်ငန်းတာဝန်တစ်ရပ်ကို အမျိုးသားရေး တာဝန်တစ်ခုအနေဖြင့် ခံယူကြရပါမည်။** တစ်နည်းအားဖြင့် မြန်မာစာပေ၊ မြန်မာစာပေလောကနှင့် စာဖတ်သူ ပြည်သူလူထု တစ်ရပ်လုံး ချိတ်ဆက်ပါဝင် လည်ပတ်နေသော ယန္တရားစက်ဝန်းကြီးကို လည်ပတ်မှု အရှိန်အားကောင်းသထက်ကောင်း၊ မြင့်သထက်မြင့်လာစေရန် စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။

နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် ကိုယ်ခံအားများ ကောင်းလာစေရန် အတွက် စာဖတ်အလေ့အထ မြှင့်တင်ခြင်းဟူသည့် လုပ်ငန်းတာဝန်တစ်ရပ်ကို အမျိုးသားရေး တာဝန်တစ်ခုအနေဖြင့် ခံယူ။ မြန်မာစာပေ၊ မြန်မာစာပေလောကနှင့် စာဖတ်သူ ပြည်သူလူထုတစ်ရပ်လုံး ချိတ်ဆက်ပါဝင် လည်ပတ်နေသော ယန္တရားစက်ဝန်းကြီးကို လည်ပတ်မှု အရှိန်အား ကောင်းသထက်ကောင်း၊ မြင့်သထက်မြင့်လာစေရန် စုပေါင်း အကောင်အထည်ဖော် ဆောင်ရွက်။

31-3 (10).pmd 1 3/31/2009, 2:49 AM

အပန်းဖြေအနားယူ

မတ် ၃၀ရက် ညပိုင်းက ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေ အနားယူကြစဉ်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

မတ် ၃၀ရက် ညပိုင်းက ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မျိုးပွားကျန်းမာရေး - သိလိုရာမေး

ဖုန်း-၀၁-၃၇၅၅၆၅

ရုံးဖွင့်ရက်များ

(နံနက် ၁၀နာရီမှ ညနေ ၃နာရီ အထိ)

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတွင် ရွှေမန်းသူ အမြန်ယာဉ်သစ်များ နေပြည်တော်သို့ အသွား/အပြန် ပြေးဆွဲမည်

ရန်ကုန် မတ် ၃၀

ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်သည် တရုတ်နိုင်ငံ China Faw Group Corporation မှ မှာယူတင်သွင်းခဲ့သော အဆင့်မြင့်မှန်လုံ Air Con Sight Seeing Bus ယာဉ်သစ်ကြီးများဖြင့် ဧပြီ ၁ရက်မှစ၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း နေပြည်တော်သို့ အသွား/အပြန် ပြေးဆွဲမည်ဖြစ်သည်။

ရောက်ရှိမည်

ထိုသို့ ပြေးဆွဲရာတွင် ရန်ကုန်မှ နေပြည်တော်သို့ သွားရောက်ကြမည့် ရုံးဝန်ထမ်းများ၊ ရုံးကိစ္စဆောင်ရွက်မည့် ပြည်သူများ၊ ကုမ္ပဏီများ အဆင်ပြေစေရန် ရန်ကုန်မြို့ ပါရမီလမ်း ရွှေမန်းသူ ကားဝင်းမှ ည ၁၀နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော် ဘောဂသီရိကားဝင်းသို့ နောက်နေ့ နံနက် ၅နာရီ၌ ရောက်ရှိမည်ဖြစ်သည်။

ဝန်ဆောင်မှု

တစ်ဖန် နေပြည်တော် ဘောဂသီရိကားဝင်းမှ ညနေ၆နာရီတွင် ပြန်လည်ထွက်ခွာ၍ ရန်ကုန်မြို့ ရွှေမန်းသူကားဝင်းသို့ ထိုနေ့ည ၁၁နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ယာဉ်သစ်ကြီး ၁၀စီး ထားရှိကာ အသွား/အပြန် လေးစီးမှ ငါးစီးအထိ ပြေးဆွဲပေးမည်ဖြစ်ပြီး ယာဉ်စီးခမှာ တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၊ ရေသန့်၊ စနိုးတာဝါများဖြင့် ဝန်ဆောင်မှုပေး ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဖြစ်ပေါ်လာသောအားကို လက်ကိုင်ဖုန်းနှင့် အိုင်ပေါ့အတွင်းရှိ ဓာတ်အား ပြောင်းလဲထွက်ပေါ်စေသည့်ကိရိယာမှ လိုအပ်သော စွမ်းအင်ကို ထုတ်ပေးခြင်း ဖြစ်သည်။

နည်းပညာ

ထိုသို့ ဘက်ထရီမဲ့ စွမ်းအင်ထုတ်ပေးရာတွင် နည်းပညာဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင် အခြေအနေများနှင့် ဇီဝဆေးသိပ္ပံ နည်းပညာများကို အသေးစိတ် ပြန်လည်တိကျသေချာစေရန် အထပ်ထပ် စိစစ်အတည်ပြုချက်ရယူရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

ခန္ဓာကိုယ်လှုပ်ရှားမှု မရှိသည့်အချိန်နှင့် ပတ်ဝန်းကျင်၌ ရာသီဥတုအခြေအနေဆိုးရွားနေသည့်အခါများတွင် မည်သို့ စွမ်းအင်ထုတ်ယူသုံးစွဲနိုင်မည် ဆိုသည့်အချက်ကိုလည်း အမေရိကန်သုတေသနပညာရှင်များက ကြိုတင်စီစဉ်ဆောင်ရွက်ထားသည်။

တီထွင်ထား

ထိုသို့သော အခြေအနေမျိုးတွင် လေတိုက်ခတ်သည့်အားကိုယူကာ စွမ်းအင်ထုတ်ပေးနိုင်မည်ဖြစ်ပြီး လက်ကိုင်ဖုန်းနှင့် အိုင်ပေါ့များကို အသုံးပြုနိုင်မည်ဖြစ်သည်။ လေတိုက်ခတ်မှုလည်း မရှိ၊ လူ၏ခန္ဓာကိုယ် အစိတ်အပိုင်းများလည်း လှုပ်ရှားမှုမရှိသည့် အခြေအနေမျိုးတွင်လည်း လူ၏နှလုံးခုန်နှုန်းအားဖြင့် စွမ်းအင်ထုတ်ယူကာ အသုံးပြုနိုင်အောင် တီထွင်ထားကြောင်းသိရသည်။

သုံးစွဲနိုင်မည်

လူ၏ နှလုံးခုန်အားဖြင့်ရယူမည့် စွမ်းအားအတွက် လူတို့၏ ဆံပင်ချည်ပမာဏမျှသာရှိသော ဇင့်အောက်ဆိုက် လျှပ်စစ်ကြိုးလေးကို လက်ကိုင်ဖုန်းနှင့် အိုင်ပေါ့များအတွင်း ထည့်သွင်းအသုံးပြုထားသည်။ ထို့ကြောင့် နှလုံးခုန်အားဖြင့် လည်း စွမ်းအင်ထုတ်ယူကာ လက်ကိုင်ဖုန်း အသုံးပြုနိုင်မည်ဖြစ်သည်။ထို့ကြောင့် မကြာမီအချိန်အတွင်း လက်ကိုင်ဖုန်းနှင့် အိုင်ပေါ့များအပြင် အခြားသော လူ့အသုံးအဆောင် အီလက်ထရွန်နစ်ပစ္စည်းများပါ ဘက်ထရီမဲ့ သုံးစွဲနိုင်တော့မည်ဖြစ်သည်။

(အင်တာနက်)

၁၉၈၅-၁၉၈၆-၁၉၈၇ (စက်မှုအင်ဂျင်နီယာ) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃၀

၁၉၈၅-၁၉၈၆-၁၉၈၇(စက်မှုအင်ဂျင်နီယာ)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ညနေ ၃နာရီအထိ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် (M.E.S) ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးစိုးစိုးသန်း ဖုန်း-၀၉-၅၁-၄၇၈၂၈၊ ဦးနွဲ့ဝင်း ဖုန်း-၀၉-၅၀-၁၀၃၉၇၊ ဒေါ်သီတာဦး ဖုန်း-၀၉-၅၀-၀၂၆၆၈၊ ဦးတင်ဦး ဖုန်း-၀၉-၅၀-၀၈၉၂၃၊ ဦးစိန်သောင်း ဖုန်း-၀၉-၅၀-၁၃၀၅၇နှင့် ဒေါ်ကြည်ကြည်ပြုံး ဖုန်း-၀၉-၅၁-၃၆၈၃၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၃၅)**

ခိုင်မာစာကြည့်တိုက်ဖြစ်ရေး ညှိနှိုင်းဆွေးနွေး

ကလေး မတ် ၃၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကလေးခရိုင်ရုံးသည် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ သတ်မှတ်စံ (၅)ချက်နှင့်ညီသော ခိုင်မာစာကြည့်တိုက်ဖြစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီက အဆိုပါရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးသိန်းလှိုင်က အား(၄)အားကို ညှိနှိုင်းရယူပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏လမ်းညွှန်ချက်နှင့်အညီ စံ(၅)ချက်နှင့်ညီသောစာကြည့်တိုက်ဖြစ်ရေး ဆွေးနွေးမှာကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက ခိုင်မာစာကြည့်တိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အသေးစိတ်ရှင်းလင်းတင်ပြကြောင်းသိရသည်။**(ခရိုင်ပြန်/ဆက်)**

ဂုဏ်ပြုဆုချီးမြှင့်

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) (၃၅)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် လေသာကြီးကျောင်း၌ မတ် ၂၉ရက်က ပြုလုပ်ရာ တက္ကသိုလ်ဝင်တန်းလေးဘာသာဂုဏ်ထူးတွင် အမှတ်အများဆုံးဖြင့် အောင်မြင်သူ မဆုထက်အောင်အား နာယကဦးအေးက ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

(၁၀၃)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီနှင့် အောင်လံမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်မှာ ခန္တီးမြို့တွင် ၀ဒသမ၁၅လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၃၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၃၀

အိန္ဒိယ တာတာ မော်တော်ကားကုမ္ပဏီက မြန်မာနိုင်ငံတွင် အကြီးစားထရပ်ကားထုတ်လုပ်သည့် စက်ရုံတည်ဆောက်မည့် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၇၁)ကို ယနေ့ထုတ်ဝေဖြန့်ချိထားသည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ထိုင်းနိုင်ငံက ပြည်ပမှ ဆန်ဝယ်ယူတင်သွင်းမှုဂယက်ကြောင့် ပြည်ပဆန်တင်ပို့မှုကို ထိခိုက်နိုင်၊ သင်္ကြန်ပြီးသွားပါက ရွှေဈေးအခြေအနေ ပြန်လည်ဦးမော့လာနိုင်မည်ဟုသုံးသပ်၊ စံနမူနာဖြစ်လာမည့် စိုက်ပျိုးရေး အထူးဇုန်ကြီးကို အပိုင်းနှစ်ခုခံ၍ ဖော်ထုတ်နေ၊ မြောက်ဥက္ကလာ တော်ဝင်နန်း တည်းခိုခန်း၌ ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ ကိုရီးယားသင်္ဘောလိုင်းအများစုကိုသာ မှီခိုနေရလို့ ကိုရီးယားပွဲစားတွေက လူလည်ကျနေသည်ဟုဆို၊ ပုပ္ပားတောင်တွင် ကျောက်ခေတ်လူသားတို့ နေထိုင်ခဲ့ဖူးကြောင်း အမေရိကန်ပညာရှင် မိုဗီယပ်စ်တင်ပြခဲ့၊ မြန်မာ့ကျောက်မျက်ရတနာရောင်းချမှု ဒေါ်လာ ၁၉၁သန်းရရှိ၊ ဧရာဝတီ ဒုတိယမြစ်ကျဉ်းအတွင်း ရုပ်ပြေးရေယာဉ် နှစ်စင်းတိုက်မိ၊ ရေယက်ခြေထောက် နှစ်ချောင်းပါသော ငါးမန်းပေါက်တစ်ကောင်တွေ့ရှိ၊ ဟိမဝန္တာတောင်တန်းကို ဖြတ်သန်းစီးဆင်းသောရေတွင် အာဆင်းနစ်အဆိပ်များ ပါရှိကြောင်း သိပ္ပံပညာရှင်တို့တွေ့ရှိ၊ ထိုင်းရိုးရာသင်္ကြန်ပွဲသို့ MAI မှ ပို့ဆောင်ပေးမည်၊ မြန်မာသင်္ကြန်ပွဲတော်အကြို စင်ကာပူနိုင်ငံ၌ ကျင်းပမည်၊ နှစ်နိုင်ငံကုန်သည် အချင်းချင်း အငြင်းပွားမှု ဖြစ်ပေါ်ပါက ဖြေရှင်းပေးရန် စီစဉ်ထား၊ ကမ္ဘာ့ပထမဦးဆုံး မြေပြင် ရေပြင်မောင်းနှင်နိုင်သည့် ခရီးသည်တင်ဘတ်စ်ကား၊ မျှော်စင်ကျွန်းမှ ဂျက်မြသောင်း၏ ရှိုးပွဲ၊ နိုင်ငံတကာကျောင်းသား ပိုမိုစုဆောင်းခွင့်ရရှိရေး ဗီဇာနှင့်ပတ်သက်၍ ဒေါက်တာနေဝင်းနိုင်နှင့် တွေ့ဆုံမေးမြန်း၊ လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သော ဆိုင်ကယ်များ စင်ကာပူ၌ အသုံးပြု၊ စင်ကာပူတွင်ပြည်ပမှ လာရောက်အလုပ်လုပ်သူများကို ထားရှိမှုအခြေအနေ စစ်ဆေး၊ မြောက်ကိုရီးယား ဒုံးကျည်ပစ်ခတ်မှု စောင့်ကြည့်ရန် အမေရိကန်ဖျက်သင်္ဘောနှစ်စင်းစောင့်ကြပ်၊ ခြိမ်းခြောက်မှုအသစ်များကို ရင်ဆိုင်ရန် အမေရိကန်လေတပ် အသင့်ပြင်၊ အီရန်လေတပ်၏ ပစ်ခတ်တိုက်ခိုက်မှု စွမ်းရည်၊ မြောက်ကိုရီးယားအား ဒုံးပျံလွှတ်တင်ရေး ကူညီရန် အီရန် ဒုံးပျံကျွမ်းကျင်သူများ ရောက်ရှိ၊ အသက်၁၆နှစ်မှာ ၁၇ကြိမ် နှလုံးခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရတဲ့ ကျောင်းသူကလေး၊ အီရန် တိုက်ခိုက်ရေးအတွက် အစ္စရေး၏ အစီအစဉ်စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

○ *ကျောဖုံးမှ*

ယင်းအရောင်းပွဲတော်တွင် ပန်းပုရုပ်တုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

“အရောင်းပွဲတော် အတွင်းမှာ စိတ်ကြိုက်ရုပ်တုပြိုင်ပွဲ၊ စံပြမယ်ရုပ်တုပြိုင်ပွဲနဲ့ လျှပ်တစ်ပြက်ရုပ်တုပြိုင်ပွဲတွေပါဝင်မှာဖြစ်ပြီး စိတ်ကြိုက်ရုပ်တု ပြိုင်ပွဲ

ပန်းပုအနုပညာနှင့် ပေါင်းစပ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်သို့ ထိုးဖောက်ရန်၊ သစ်လုံးပေါ်၌ မြန်မာ့ပန်းပုအနုပညာ နှင့် ပေါင်းစပ်လိုက်ခြင်းဖြင့် ထပ်လောင်းတန်ဖိုးမြင့်တက်လာစေရန်နှင့် မြန်မာ့ပန်းပုပညာရှင်များအနေဖြင့် တော်ရုံဖြင့် ပန်းပုအနုပညာကို ပြသခွင့်မရနိုင်ကြရာ ယခုပွဲတော်ပြုလုပ်ပြီး ပြည်ပသို့ တင်ပို့မည်

“ကျွန်တော် အခုထုလုပ်နေတာက စံပြမယ်ရဲ့ ထိုင်ပြီးဆွမ်းအုပ်ပိုက်ပုံစံရုပ်တု ဖြစ်ပါတယ်”

ဦးမြလှိုင် (ပန်းပုဆရာ)

“အခုစံပြမယ် ရုပ်တုပြိုင်ပွဲက စတင်ထုလုပ် ပြိုင်ပွဲဝင်နေကြတာပဲ ဖြစ်ပါတယ်”

ဦးကိုကို

အတွင်းရေးမှူး

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ကျင်းပရေး ဦးစီးကော်မတီ။

အတွက်က အချိန်တစ်လပေးထားတာမို့ ရုပ်တုတွေရောက်ရှိနေပါပြီ။ ပွဲတော်ရက်အတွင်းမှာ ပညာရှင်တွေက အကဲဖြတ်အမှတ်ပေးသွားမှာပါ။လျှပ်တစ်ပြက်ရုပ်တုပြိုင်ပွဲကတော့ ပွဲတော်ရက်မှာ တစ်ရက်အတွင်း အပြီးထုလုပ်ယှဉ်ပြိုင်ရမှာဖြစ်ပြီး အခု စံပြမယ်ရုပ်တုပြိုင်ပွဲကမတ်၁၈ရက်က စတင်ထုလုပ်ပြိုင်ပွဲဝင်နေကြတာပဲ ဖြစ်ပါတယ်”ဟု ဦးကိုကိုက ဆက်လက်ရှင်းပြသည်။

ထို့နောက် စံပြမယ်ရုပ်တုပြိုင်ပွဲဝင်များ ထုလုပ်နေရာသို့ ထွက်လာခဲ့ရာ အပြိုင်အဆိုင် ရုပ်တုထုလုပ်နေကြသည်ကို တွေ့ရသည်။ ပြိုင်ပွဲဝင် ပန်းပုအဖွဲ့ ၁၅ဖွဲ့ ပါဝင်ပြီး တစ်ဖွဲ့လျှင် ပန်းပုဆရာတစ်ဦးနှင့် အကူတစ်ဦးတို့ ပါဝင်ပြီး ယှဉ်ပြိုင်လျက်ရှိကြသည်။

စံပြမယ်ရုပ်တု

စံပြမယ်ရုပ်တုကို ယှဉ်ပြိုင်ထုလုပ်နေသည့် အဖွဲ့တစ်ဖွဲ့အား တွေ့ဆုံ မေးမြန်းရာ “နာမည်က ကိုဋ္ဌေးဝင်းလို့ခေါ်ပါတယ်။ သူကတော့ ကျွန်တော့်အကူ ကိုအောင်မျိုးပါပဲ။ ဒါးပိန်ကလာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ အခု ပြိုင်ပွဲဝင်နေတာ လေးရက်ရှိပါပြီ။ ရုပ်တုကတော့ ၅၀ ရာခိုင်နှုန်းပြီးနေပါပြီ။ မျက်နှာပုံစံအသေးစိတ်နဲ့ ထဘီမှာ ချိတ်တွေပုံဖော်ထုလုပ်ပေးရဦးမယ်။ အချောပြီးစီးဖို့အတွက် ထုလုပ်နေတာပါ။ ကျွန်တော်အခုထုလုပ်နေတာက စံပြမယ်က မတ်တတ်ရပ် ဆွမ်းချိုင့်ဆွဲတဲ့ ရုပ်တုပုံဖြစ်ပါတယ်”ဟု ပန်းပုဆရာကိုဋ္ဌေးဝင်းက ရှင်းပြသည်။

သစ်သားများ

ပြိုင်ပွဲဝင် ထုလုပ်နေသည့် ရုပ်တုများ၏ သစ်သားများမှာ ကုက္ကိုသားများဖြစ်သည်။ နာဂစ်မုန်တိုင်းသင့်ဒေသများမှ ပြိုလဲခဲ့သော သစ်ပင်ကြီးငယ်များကို

“ကျွန်တော် အခုထုလုပ်နေတာက စံပြမယ် မတ်တတ်ရပ်ဆွမ်းချိုင့်ဆွဲတဲ့ ရုပ်တုပုံ ဖြစ်ပါတယ်”

ကိုဋ္ဌေးဝင်း (ပန်းပုဆရာ)

ဖြစ်သဖြင့် မိမိတို့၏ မြန်မာ့ပန်းပုပညာရပ်ကို နိုင်ငံတကာမှ သိစေနိုင်မည်ဖြစ်သည်။

တစ်ဖန် ပြိုင်ပွဲဝင် ထုလုပ်နေသည့် အဖွဲ့တစ်ဖွဲ့ကို ဆက်လက်မေးမြန်းရာ “ကျွန်တော်တို့က သာကေတက ဖြစ်ပါတယ်။ ကျွန်တော်က ဦးမြလှိုင်၊ ကျွန်တော့်အကူက ကိုစံမြင့်ဖြစ်ပါတယ်။ ကျွန်တော် အခု ထုလုပ်နေတာက စံပြမယ်ရဲ့ ထိုင်ပြီး ဆွမ်းအုပ်ပိုက် ပုံစံရုပ်တု ဖြစ်ပါတယ်။ အသေးစိတ်ထုလုပ်မှုနဲ့ စောက်ချက်အနုတွေတော့ ထပ်ဖြည့်ရပါဦးမယ်။ ဆုရလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်”ဟု ပန်းပုဆရာဦးမြလှိုင်က ရှင်းပြသည်။

ဦးမြလှိုင်တို့အဖွဲ့၏ ပန်းပုလက်ရာမှာ အတော်လေး ပြီးစီးနေပြီကို မြင်တွေ့ရသည်။ မျက်နှာဖော်၊ ကော်ပတ်ချောပြီး အနုစိတ်လက်ရာများ ထပ်ဖြည့်ရမည်ဟု ၎င်းကပြောကြားသည်။ ဦးမြလှိုင်တို့အဖွဲ့၏ ရုပ်တုမှာ ရုပ်လုံးပေါ်နေပြီး အနုစိတ်လက်ရာသာ ကျန်တော့သည်။

ဆွဲဆောင်မှု

စံပြမယ်ရုပ်တုကိုအပြိုင်အဆိုင်ထုလုပ်နေကြသည့် ပန်းပုအနုပညာအဖွဲ့များ၏ စိတ်အားထက်မှု၊ လုပ်ငန်းကျွမ်းကျင်မှုတို့ကြောင့် ရုပ်တုအကြမ်းအဆင့်၌ပင် ဆွဲဆောင်မှုအပြည့် ဖြစ်နေသည်ကို တွေ့ရသည်။ ထို့နောက် ဆရာစံပလာဇာ တတိယထပ်၌ စိတ်ကြိုက်ပန်းပုရုပ်တုပြိုင်ပွဲဝင်များက ပေးပို့ထားသော ပန်းပုရုပ်တုများကို တက်ရောက်လေ့လာခဲ့သည်။

လက်စွမ်းပြ

ကုက္ကိုသားဖြင့် ထုလုပ်ထားသော နာဂစ်မုန်တိုင်းဒဏ် ခံစားနေရသူတို့၏ ရုပ်တုပုံမှာ လေတိုက်နေသဖြင့် သစ်ပင်များ ကိုင်းကျနေပုံ၊ လူများပြေးလွှားနေပုံ၊ မုန်တိုင်းဒီရေများ တက်နေပုံတို့ကို ပန်းပုအနုပညာဖြင့် လက်စွမ်းပြထုလုပ်ထားသည်ကို တွေ့ရသည်။

တစ်ဖန် သျှောင်ထုံးနှင့် မြန်မာအမျိုးသားကြီးတစ်ဦး ရွဲလုံးထည့်ထားသော ခြင်းလုံးပေါ်တက်ကာ ခြင်းခတ်နေပုံကလည်း တကယ့်အချိုးအဆစ်ကျပြီး အံ့သြဖွယ်ရာ မြင်တွေ့ရသည်။ မြန်မာအမျိုးသမီးတစ်ဦး၏ မတ်ရပ်ပုံစံဖြင့် ဆွမ်းအုပ်ပိုက်ထားပုံ သစ်သားရုပ်တုကလည်း ဆွဲဆောင်မှုအပြည့်၊ ကြည့်သူကိုဖမ်းစားထားနိုင်သည်ကို မြင်တွေ့ရသည်။

ထို့ကြောင့် မြန်မာ့ပန်းပုအနုပညာရှင်တို့၏ လက်ရာမြောက် ပန်းပုရုပ်တုများကို ပွဲတော်ရက်အတွင်း ပြည်သူများအခမဲ့ သွားရောက်လေ့လာကြည့်ရှုနိုင်မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စံပြမယ်ရုပ်တုပြိုင်ပွဲ ထုဆစ်နေကြသည်ကို ဤသို့ တွေ့ရသည်။

ပြည်မြန်မာ သတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၃၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၆၆၁ ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ “မြို့သစ်မြို့နယ်အတွင်းသို့ ဥက္ကာခဲရှစ်ခု တစ်ပြိုင်နက်ကျခဲ့၍ တစ်ခုကို နေပြည်တော်ရှိ နက္ခတ်တာရာပြခန်း၌ ပြသထား၊ နတ်မတောင်သို့ ခရီးသွားသူများလာ၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံး မျက်မြင်အငြိမ့် ရိုက်ကူးမည်၊ မုန်တိုင်းရာသီကာလအတွက် ကြိုတင်ပြင်ဆင်နေ၊ ရတနာပုံ တယ်လီပို့ကော်ပိုရေးရှင်း နည်းပညာဆိုင်ရာ အများပိုင်ကုမ္ပဏီဖြစ်လာမည်၊ မြန်မာ့အထည်ချုပ်လုပ်ငန်းအချို့ ပြည်ပပို့ကုန်ထုတ်လုပ်မှု ပြန်လည်မြင့်တက်လာ၊ ပြည်တွင်းအမြန်ချောပို့ လုပ်ငန်းတွင် ခေတ်မီအိုင်တီနည်းစနစ် ကျင့်သုံးမည်၊ Wi Max ကို ရန်ကုန်တွင်သာမက မန္တလေး တစ်မြို့လုံးမှာပါ သုံးနိုင်တော့မည်၊ ပုဂ္ဂလိက ဆေးရုံဆေးခန်းများ လူနာအပေါ် တာဝန်မဲ့မှုများပြုလုပ်ပါက အရေးယူခံရမည်၊ လက်ဖက်အစိုတွင်သာမက လက်ဖက်ခြောက်များမှာပါ ဆိုးဆေးများပါဝင်နိုင်၊ မုဒုံမြို့နယ်ရှိ ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရားကြီး တည်ထားပြီးစီးလုနီးပြီ၊ ဇေယျာရွှေမြေ ဘောလုံးအသင်း စိတ်ဓာတ်မြှင့်တင်မှုအဖြစ် ရွှေဘိုသို့သွား၍ အောင်မြေနင်းမည်၊ စင်ကာပူ၏ အခမ်းနားဆုံး သင်္ကြန်ပွဲတော်ကြီးတွင် မြန်မာတေးသံရှင်များ သွားရောက်ဖျော်ဖြေကြမည်၊ ပြတင်းပေါက်ကနေ ခုန်ချတော့မည့် ကလေးငယ်ကို ပင့်ကူလူသား အသွင်ကယ်တင်ခဲ့သည့် ဖြစ်ရပ်မှန်၊ ကွန်ပျူတာပညာရှင်၏ ဖြတ်ပစ် လိုက်ရသည့် လက်ချောင်းနေရာကို USB Stick ဖြင့် အစားထိုး၊ အာကာသသို့ အရပ်သားခရီးသည် ဒုတိယအကြိမ်သွားတော့မည်၊ သစ်သီးတက်ခူးသူရေထဲပြုတ်ကျပြီး နဂါးကြီးနှစ်ကောင်ကိုက်၍ သေဆုံး၊ ကမ္ဘာ့စံချိန်သစ်တင်မည့် အသက် ၁၃၀ ရှိ ဘွားဘွားကိုတွေ့ရ၊ အစာအိမ်ထဲဝင်နေတဲ့ တူတစ်ချောင်းကို နှစ်၂၀ကြာမှ ဖယ်ရှားခဲ့ရ၊ ဧပြီ ၁ရက်၌ အင်တာနက်ပိုင်းရပ်စ်များဖြင့် အချိန်ကိုက် အစုလိုက်အပြုံလိုက် တိုက်ခိုက်မှုပြုလုပ်မည်ဟုဆို၊ နေမုန်တိုင်းကြောင့် ကမ္ဘာကြီးတွင် အချိန်မရွေး အန္တရာယ်ကျရောက်နိုင်၊ လေယာဉ်ပေါ်မှ အင်ဂျင်အပိုင်းအစများ အိမ် ၂၂လုံးနှင့် ကားတစ်စီးပေါ်သို့ ပြုတ်ကျခဲ့သော်လည်း ဘေးကင်းစွာဆင်းသက်နိုင်၊ ဂျပန်က မြောက်ကိုရီးယားလွှတ်တင်မည့် ဒုံးပျံအပျက်အစီးများကို ပစ်ချရန် အမိန့်ထုတ်ပြန်” အပါအဝင်…စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို စာမျက်နှာရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာ လက်ဆောင် အချပ်ပိုများနှင့်အတူ ဖော်ပြထားပြီး အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၀၉ရက် (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်

၇:၀၅-၁:၀၅ **ငြိမ်မှငြိမ်း၍ နိဗ္ဗာန်တွေ့ တရားတော်**
(ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)

၇:၅၅-၁:၅၅ အင်းအလှနဲ့ သစ်ခွသဘင် အပိုင်း(၁)

၈:၁၀-၂:၁၀ တေးဂီတအစီအစဉ်

၈:၁၅-၂:၁၅ Sunday Talk

၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း

၉:၂၅-၃:၂၅ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာ စကားဝိုင်း

၉:၅၅-၃:၅၅ နိုင်ငံတကာသတင်းအကျဉ်း

၁၀:၀၀-၄:၀၀ “အင်း”ငွေပန်းထိမ်ရဲ့ အငွေ့အသက်

၁၀:၂၀-၄:၂၀ တေးဂီတအစီအစဉ်

၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်

၁၀:၃၀-၄:၃၀ **ကျော်သွားမှာလား… ဖော်စားမှာလား**
ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင်
(ဒါရိုက်တာ-အကယ်ဒမီ မလိခ စိုးထိုက်အောင်)

၁၀:၃၅-၄:၃၅ တေးဂီတအစီအစဉ်

၁၀:၄၀-၄:၄၀ ပြည်တွင်းသတင်းအကျဉ်း

၁၀:၅၀-၄:၅၀ ဝါယာသာစည်လျှပ်စစ်မြစ်ရေ တင်လုပ်ငန်းနှင့်ဖွံ့ဖြိုးတိုးတက်နေသောဇီးတောစံပြကျေးရွာ

၁၁:၁၅-၅:၁၅ နိုင်ငံတကာသတင်းအကျဉ်း

၁၁:၂၀-၅:၂၀ တေးဂီတအစီအစဉ်

၁၁:၂၅-၅:၂၅ ခံစားချက်တို့ပေါင်းစုံရာ… ငပလီကမ်းခြေသာ

၁၁:၄၀-၅:၄၀ Music Gallery
(April Queens-ဧပြီကေရီများ)

၁၂:၀၅-၆:၀၅ သင့်မိသားစုနှင့် သင့်ပိုင်ဆိုင်မှုများအတွက်

၁၂:၂၅-၆:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း
(ဒါရိုက်တာ ဦးကြည်စိုးထွန်းနှင့် တွေ့ဆုံခြင်း)

၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

U-21 International Friendly ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၅	England-France	Star Sports (Live)

မြန်မာ့ရုပ်မြင်သံကြား

၃၁-၃-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ **တစ်သက်စာအမှတ်ရစရာ ဇီးချောင်းရေလျှောင်တမံ**

၈:၀၀ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ

၈:၂၀ ၈။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၀ ၂။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း

၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၄:၃၀ ၄။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ

၄:၄၀ ၅။ ကြေးမုံရိပ်သွင်တေးနှယ်ဥ

၄:၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်
(ရူပဗေဒအရေးအသား အထူးပြု)
(ရူပဗေဒအရေးအသား)

၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၅:၁၀ ၈။ ဂီတသံစဉ်အလှဆင်

၅:၂၅ ၉။ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေး တစ်လုံး**
ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ
(ဒါရိုက်တာ-ဆွေဇင်ထိုက်)

၅:၄၀ ၁၀။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ

၆:၅၅ ၁၄။ ဆိုလိုက်ကြစို့

၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ** (အပိုင်း-၂၃)

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ လပတ် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၂၀။ ပြည်သူ့အတွက်တပ်မတော်
(လျှပ်စစ်စွမ်းအား၊ ဟိုတယ်ခရီး၊ ပို့ဆောင်ရေး၊ မီးရထား)

၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၅)

၂၂။ အစီအစဉ်ပြီး၏။

ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား အသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူး မြင့်အောင်နှင့်အဖွဲ့သည် မတ်၂၈ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်းပေါ် ဂရုဏာရပ်ကွက်ဗြဟ္မစိုရ်ဓမ္မာရုံ၌ သန်မြန်သူယာဉ်လိုင်းမှ ယာဉ်လိုင်းတာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စုစုပေါင်း၁၅၃ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောခဲ့သည်။

(အောက်ပုံ) (သတင်းစဉ်)

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သမီးလေး မဆုရတနာမျိုး၏ ၃၁-၃-၂၀၀၉ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် သက်ရာကျော်တိုင် ပျော်ရွှင်ကျန်းမာ ဘေးရန်ကွာ၍ ကောင်းကျိုးလိုရာ ဆန္ဒပြည့်ဝစွာဖြင့် မိဘကျေးဇူး အထူးသိတတ်သော မြင့်မြတ်သည့် သမီးကောင်းရတနာဖြစ်ပါစေ-

ချစ်ဖေဖေ - ဦးမျိုးသိန်း-ချစ်မေမေဒေါ်ယဉ်ထွေး
ချစ်သောမမကြီး - ကိုသိန်းသန်း၊ မချိုသဲ
ချစ်သောမမလေး - မမေမျိုးသက်
ချစ်သောတူလေး - မောင်ထွန်းလင်းအောင်။

ကျေးဇူးတင်ရှိခြင်း

ကျွန်တော် ကျွန်မတို့၏ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာ အခမ်းအနားတွင် မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးသော 26 Diamond Gallery (စိန်ကေရာဇ်)နှင့် ထူးစိန်ရွှေရတနာဆိုင်တို့ကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

နှစ်ဖက်သော မိဘများနှင့်
မောင်လင်းမြင့်အောင်-မစုစန္ဒီမျိုးလှ။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ လမ်း/တံတား အသုံးပြုခကောက်ခံရေးလုပ်ငန်းများအတွက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ အောက်ပါဖော်ပြပါ လမ်းအသုံးပြုခကောက်ခံရေးဂိတ်သုံးခုနှင့် တံတားအသုံးပြုခကောက်ခံရေး ဂိတ်တစ်ခု၏ လမ်းတံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းများအား (၂၀၀၉-၂၀၁၀)ဘဏ္ဍာရေးနှစ် ၁-၄-၂၀၀၉ မှ ၃၁-၃-၂၀၁၀ အထိ ၁၂ လစာအတွက် လုပ်ကိုင်ခွင့်လိုင်စင်ကို ဒေသခံတိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) ကျိုင်းတုံဂိတ် (ကျိုင်းတုံမြို့)
(ခ) တုံတာဂိတ် (တုံတာဂိတ်)
(ဂ) မိုင်းပျင်းဂိတ် (မိုင်းပျင်းမြို့)
(ဃ) တာဆန်းတံတား (မိုင်းတုံမြို့) သာမန်

၂။ ချိပ်ပိတ်တင်ဒါခေါ်ယူခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ကျိုင်းတုံမြို့
(ခ) ချိပ်ပိတ်တင်ဒါလေလံတင်သွင်းရမည့် ရက်စွဲနှင့်အချိန် ၃၀-၃-၂၀၀၉ ရက်မှ ၃၁-၃-၂၀၀၉ ရက်အထိ(နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ)
(ဂ) ချိပ်ပိတ်တင်ဒါသွင်းရမည့်နေရာ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
(ဃ) ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေရာ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့

၃။ ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာပုံစံများကို တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကျိုင်းတုံမြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့၊ ဖုန်းနံပါတ် ၀၈၄-၂၁၀၃၁ တွင် စုံစမ်းနိုင်ပါသည်။

လမ်း/တံတား အသုံးပြုခွင့်လေလံတင်ရောင်းချရေးကော်မတီ
ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဦးတင်မောင်အေး-ဒေါ်သန်းသန်းဝင်းတို့၏သားကြီး
ဒေါက်တာကိုကိုမောင် M.B.,B.S(Ygn)
လက်ထောက်ဆရာဝန်၊ ရန်ကုန်ကလေးဆေးရုံကြီး
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဒေါက်တာစန်းအောင်-ဒေါ်ခင်သန်းမူတို့၏သမီးငယ်
ဒေါက်တာခင်လှဲ့လှဲ့အောင် M.B.,B.S(Ygn)
1st Yr, M.Med. Sc (Internal Medicine) [ရန်ကုန်ပြည်သူ့ဆေးရုံကြီး]

တို့၏ ၂၁-၃-၂၀၀၉ရက် (စနေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပသော မင်္ဂလာ ဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာ ဦးထူးဟန် (ဌာနမှူး၊ ကလေးခွဲစိတ်ကုပညာဌာန၊ ရန်ကုန်ကလေးဆေးရုံကြီး)နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်စုကြည်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ပါမောက္ခ ဒေါက်တာ ဦးသက်ခိုင်ဝင်း(ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)နှင့် ဇနီးဒေါ်မာဝင်းခိုင်တို့အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်၊ ဝတ်စုံ အောင်အောင် (တောင်ကြီး) နှင့် အဖွဲ့အားလည်းကောင်း၊ ပန်းအလှပြင် Eternal Floral၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ The Aces တေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် မိုးကိုဦးနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မဟေမာန်မြင့်ထွန်းသန်း (1st Yr. IM-2)၊ မင်္ဂလာလက်စွပ်နှင့် ပန်းကုံးဗန်းကိုင် ဒေါက်တာစန္ဒီတင်၊ သတို့သားအရံ မောင်မြင့်နေမောင်နှင့် ဒေါက်တာ ကျော်မျိုးနိုင်၊ သတို့သမီးအရံ ဒေါက်တာ သန္တာထားလွင်နှင့် မစုမြတ်သန္တာ၊ ကြွရောက် ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများ၊ ယုဇနဂါးဒင်းဟိုတယ် မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများကိုလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကိုကိုမောင်-ဒေါက်တာခင်လှဲ့လှဲ့အောင်။

ဒေါပုံမြို့နယ် ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မတ် ၂၀ရက်က သဘော်ကျင်းရပ်ကွက်တွင် ရပ်ကွက်လုံးကျွတ်ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသက်နိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဆွေဝင်းနှင့် ဝန်ထမ်းများ၊ ရန်ကုန်သူနာပြုသင်တန်းကျောင်းမှ ဒုတိယနှစ်သူနာပြုဒီပလိုမာသင်တန်းသား၊ သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းအသီးသီးမှ စေတနာ့ဝန်ထမ်းများ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ရွှေမုဋ္ဌောလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ရန်ကုန် မတ် ၃၀

ကလေးဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော ရွှေမုဋ္ဌောလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၆ ရက်က အမှုဆောင်အရာရှိ ဦးဇော်ခင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ (၂) ဦးမင်းဝေက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဧပြီ ၄ ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် Zifam Co. ၏ ပံ့ပိုးကူညီမှုဖြင့် အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းက Antioxidant & Your Health ခေါင်းစဉ်ဖြင့်ဟောပြောမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၉ခုနှစ် ပဋ္ဌမအကြိမ်မြောက် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်၂၈ရက်တွင် ရန်ကုန်မြို့ရှိ ဒူးဆစ်အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကောက်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက တစ်ဦးချင်းစွန်ဖြတ်ပြိုင်ပွဲ ပထမဆုရ ကိုရဲနိုင် (ကြည့်မြင်တိုင်)၊ ဒုတိယဆုရ ကျော်သားငယ်(သာကေတ) နှင့် တတိယဆုရ မောင်မောင်မြင့်(တာမွေ)တို့အားလည်းကောင်း၊ အသင်းလိုက် စွန်ဖြတ်ပြိုင်ပွဲ၌ ပထမဆုရ လေတံခွန်(၄)အသင်း၊ ဒုတိယဆုရ Bo To Yo အသင်းနှင့် တတိယဆုရ ဇင်ယော်ပျံအသင်းတို့အား လည်းကောင်း၊ အထူးဆုများအဖြစ် အသက်ငယ်ဆုံး အားကစားသမား မောင်ရန်နိုင်ထွန်း (၁၀)နှစ် (ကြည့်မြင်တိုင်)၊ အသက်အကြီးဆုံး အားကစားသမား ဦးဘချစ် အသက်(၇၇)နှစ် (တောင်ဥက္ကလာပ)နှင့် နှစ်စဉ်မပျက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဦးဇော်ဝင်း(ကြည့်မြင်တိုင်)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

အမျိုးသမီးထုတ်ဝေသူများ စာအုပ်ဈေးရောင်းပွဲကျင်းပ

ရန်ကုန် မတ် ၃၀

စတုတ္ထအကြိမ်မြောက် အမျိုးသမီးထုတ်ဝေသူများ စာအုပ်ဈေးရောင်းပွဲကို မတ် ၂၇ရက်မှ ဧပြီ၅ရက်အထိ ၁၀ ရက်တိုင်တိုင် ရန်ကုန်မြို့ ပန်းဆိုးတန်းအောက်ဘလောက်ရှိ လောကနတ်အနုပညာခန်းမ၌ အထူးလျှော့ဈေး ၁၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ ရောင်းချပေးနေပြီဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါ ဈေးရောင်းပွဲတွင် ပြိုးစာပေမှ ခင်ဆွေဦး၏ နှင်းဆီများရဲ့လေချွန်သံ၊ မြနှောင်းညို၏ သည်ဘက်ကမ်းမှ လွမ်းကိန္နရီ၊ ဖွန်ပွင့်စာအုပ်တိုက်မှ သိန်းဖေမြင့်၊ မြသန်းတင့်တို့၏ နွံထဲကကြာ၊ နေရီရီစာအုပ်တိုက်မှ ဒဂုန်တာရာ၏ ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ၊ ရန်အောင်စာပေမှ သက်လင်း၏ မီလ်တန်အဲရစ်ဆင်၏ စိတ်ကုထုံးများ၊ ရန်အောင်၏ အညာသားကလေး၊ တင်အောင်သွင်၏ အံ့မခန်းဖြစ်ရပ်ဆန်းများ၊ ရန်အောင်(၂)စာပေမှ လင်းယုန်မောင်မောင်၏ မှောင်မိုက်သောနေ့ရက်များ၊ သုမောင်၏ အချစ်-၂ စာအုပ်၊ ကံ့ကော်ဝတ်ရည်စာပေမှ ဇဝန၏ ကောလိပ်ဂျပိုး၊ မင်းလူ၏ ခိုးခိုးခစ်ခစ်၊ မောင်ဖေငယ်၏ ဘကြီးတော်မင်းစာအုပ်များ၊ ပုဂံစာအုပ်တိုက်မှ Franz Kafka ၏ The Castle ကို နတ်နွယ် မြန်မာပြန်ထားသော ရဲတိုက်ကြီး၊ Daphne du Maurier ၏ My Cousin Rachel ကို တင်မောင်မြင့် မြန်မာပြန်ထားသော မမရေချယ်စသော စာအုပ်သစ်များနှင့် မျိုးဆက်သစ်စာပေမှ စာအုပ်အမျိုးအစားစုံလင်စွာ ရောင်းချပေးနေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အကြိုအခြေခံမီးသတ်သင်တန်း မူဆယ်မြို့နယ်တွင် ဖွင့်လှစ်

မူဆယ် မတ် ၃၀

မူဆယ်ခရိုင် မူဆယ်မြို့နယ်တွင် အကြို အခြေခံမီးသတ်သင်တန်း "လက်နက်ပါ" သင်တန်းအပတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာ ဘောလုံးကွင်း၌ ကျင်းပရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော် **(ယာပုံ)** က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ထို့နောက် မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်ဟန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး မူဆယ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝင်းညွန့်က သင်တန်းစည်းကမ်းများ ရှင်းလင်းပြောကြားပြီးနောက် သင်တန်းသားများအား စာတွေ့လက်တွေ့ သင်ခန်းစာများ သင်ကြားပို့ချပေးကြသည်။ သင်တန်းကာလမှာ မတ်၂၄ရက်မှဧပြီ ၆ ရက်အထိဖွင့်လှစ်သွားမည်ဖြစ်ပြီး ပန်ခမ်းကျေးရွာအုပ်စုမှ သင်တန်းသား ၁၀၁ ဦးတက်ရောက်ကြကြောင်း သိရသည်။**(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**

မြစ်ကြီးနား၌ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်၊ စာစောင်နှင့် ရေဒီယိုများ ပေးအပ်လှူဒါန်း

မြစ်ကြီးနား မတ် ၂၈

မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု ပြည်တောင်ကျေးရွာ အလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို မတ် ၂၃ရက်က အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ နန်းကွေ့ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးနန်ရှောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးထွန်းက စာပေမြင့်မှ လူမျိုးမြင့်မည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနားခရိုင်ရုံးက စာအုပ်၊ စာစောင် အုပ်၃၅၀နှင့် ရေဒီယို တစ်လုံး၊ ကျေးရွာပြည်သူများက စာအုပ်စာစောင် ၅၆၁အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ပြည်တောင်ကျေးရွာဥက္ကဋ္ဌ ဦးကြည်ဟန်က လက်ခံယူသည်။

ဖွင့်လှစ်

ထို့နောက် စာကြည့်တိုက်အဆောက်အအုံကို ကျေးရွာဥက္ကဋ္ဌ ဦးကြည်ဟန်၊ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လှူဒါန်းခဲ့

ယင်းစာကြည့်တိုက်အဆောက်အအုံကို ပြည်တောင်ကျေးရွာ ပြည်သူများက ငွေကျပ် ၁၂သိန်းဖြင့် စုပေါင်းထည့်ဝင် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရေးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဖေဖော်ဝါရီ၂၄ရက်ကကျင်းပသော (၁/၂၀၀၉) အကြိုအခြေခံမီးသတ်သင်တန်း (လက်နက်ပါ)သင်တန်းဆင်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်က မီးသတ်ရဲဘော်တစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရသေ့တောင်မြို့နယ် ဌာနလမ်း ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး မောင်မောင်သော်နှင့် အမှုဆောင်အရာရှိ ဦးတင်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးလောင်ဆုံးရှုံးမှု ကာကွယ်နိုင်ရေးအတွက်မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၈ရက်က အဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ၄ရပ်ကွက်မှ ပြည်သူများနှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ စခန်းမှူး ဦးဌေးလွင်နှင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး (ဈေး) ဦးမောင်မောင်နိုင်တို့ ကြီးကြပ် ဇာတ်တိုက်လေ့ကျင့်မှုပေးစဉ်။ (မြို့နယ်စည်ပင်)

စာပေတန်ဆောင် စာကြည့်တိုက်ဆောက်ရန် မတည်ငွေလှူဒါန်းပွဲ ချောက်မြို့နယ်၌ ကျင်းပ

ချောက် မတ် ၂၂

Asia-Hitech ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးစည်သူအေးအောင်က ကြီးနီကျေးရွာ စာပေတန်ဆောင်စာကြည့်တိုက် ဆောက်လုပ်ရန် မတည်လှူဒါန်းငွေကျပ် ၁၀သိန်း ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၆ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သန်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်ကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက်(၃) ဒေါ်မြင့်ကေခိုင်က လှူဒါန်းပြီးစာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ဦးမျိုးညွန့်သန်းက လက်ခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၄ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော ဝိန်းနေ-ဝိန်းကောင်းကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြင်းမူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်

မြင်းမူ မတ် ၁၂

မြင်းမူမြို့နယ် ရွှေယင်းမာကျေးရွာနှင့် ကုန်းရွာကျေးရွာများတွင် မတ် ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း ခေါင်းဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဆေးဝါးကုသ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကြည်ဟန်က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်းက မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူးရုံး လက်ထောက်ပညာရေးမှူး ဦးသိုက်ဝင်းက စနစ်သစ် ပညာရေးနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးပြောကြားပြီး တိုင်းရင်းဆေးဦးစီးဌာနမှ ကျေးရွာရှိ နာမကျန်းသူများကို အခမဲ့ ဆေးဝါးကုသပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီး၌ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုများချီးမြှင့်

တောင်တွင်းကြီး မတ် ၂၂

တောင်တွင်းကြီးမြို့နယ် ၂၀၀၈-၂၀၀၉ခုနှစ် နွေစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို မတ်၁၅ရက်က တောင်တွင်းကြီးမြို့နယ် တရုပ်ကောအုပ်စု ကွမ်းခြံစုကျေးရွာ ကွင်းအမှတ် ၂၆၃၂ တောင်သူဦးဝင်းညွန့်၏ နွေစပါးစိုက်ခင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အသေးစိတ်ရှင်းလင်း

ကောက်စိုက်စွမ်းရည်ပြိုင်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌဦးမြတ်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကောက်စိုက်လုံမပျိုများနှင့်တောင်သူဦးကြီးများ စုံညီစွာတက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌဦးမြတ်ကျော်က အဖွင့်အမှာစကားကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်မောင်မြင့်က ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို အသေးစိတ် ရှင်းလင်းသည်။

ပြိုင်ပွဲကျင်းပ

ထို့နောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကျင်းပရာ ပထမဆုကို ကန်တော်ကြီးကောက်စိုက်လုံမပျိုအဖွဲ့၊ ဒုတိယဆုကို ငမင်ကောက်စိုက်လုံမပျိုအဖွဲ့၊ တတိယဆုကို ကင်ပွန်းတောင် ကောက်စိုက်လုံမပျိုအဖွဲ့၊ နှစ်သိမ့်ဆုများကို ရန်ပယ်နှင့် ဘန်းကုန်းကောက်စိုက်လုံမပျိုအဖွဲ့တို့ ရရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကွမ်းလုံ၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ကွမ်းလုံ မတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်တွင် ဒုတိယအကြိမ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၇ရက်က ကျန်းမာရေးဦးစီးဌာနမှူး ကြီးမှူး၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် ပူးပေါင်း၍ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ နမ့်ဟူးကျန်းမာရေးဌာန၊ ကန်မိန်းကျန်းမာရေးဌာနနှင့် တပ်နယ်များသို့ သွားရောက်၍ ငါးနှစ်အောက်ကလေးငယ် ရည်မှန်းဦးရေ ၉၈၆၂ဦး ကလေးသူငယ် ဆေးတိုက်ဦးရေ ၈၆၅၆ဦးကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြို့နယ် သတင်းများ

မင်းပြားမြို့ဦးဥတ္တမလမ်းကတ္တရာလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှုကိုရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူးဦးတင်နုမတ်၂ရက်က ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ထွန်းတို့ လုပ်ငန်း ဆောင်ရွက်ထားရှိမှု ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တီးတိန်မြို့ သာယာလှပရေး ဆောင်ရွက်

တီးတိန် မတ် ၂၀

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းကျောက်စီနံရံများ ထုံးသုတ်ခြင်း၊ သုံးမြောင့်တြိဂံပန်းစိုက်ခုံနှင့် နာရီစင်ဘီးကုပ်စက်ဝိုင်းနှင့် နာရီစင်တို့တွင် သဘော်ဆေးသုတ်ခြင်း၊ လမ်းဘေးဝဲယာ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းနှင့် အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းပင်များ ပျိုးထောင်မှုအခြေအနေကို မတ် ၁၆ရက်က အမှုဆောင်အရာရှိ ဦးနန်ဒိုးဆုမ်းမန်ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

31-3 (15).pmd 1 3/31/2009, 2:49 AM

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ပဲခူးမြို့ ဆိုရှယ်လစ် ၂ လမ်းနှင့် ၃ လမ်း ကတ္တရာလမ်းသစ်ဖွင့်

ပဲခူး မတ် ၂၈

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ ဆိုရှယ်လစ်၂ လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ်၂၀ရက် နံနက် ၇နာရီက အဆိုပါ လမ်းသစ်ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်က လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းအတွင်းရေးမှူး ဦးဖေသိန်းနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အဆိုပါ ဆိုရှယ်လစ် ၂လမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ပေ ရှိသည်။

ကျင်းပ

ထို့နောက် ယင်းနေ့နံနက် ၇နာရီခွဲတွင် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ ဆိုရှယ်လစ် ၃ လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်က လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြင့်တို့က လမ်းသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ အဆိုပါ ဆိုရှယ်လစ် ၃ လမ်းမှာ အရှည် ပေ ၈၀၀၊ အကျယ် ၁၂ပေရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးကြိုးများလုံခြုံခိုင်ခံ့မှု

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းရှိ ထရန်စဖော်မာမှ မီးကြိုးများသွယ်တန်းထားမှုနှင့် မီးကြိုးများလုံခြုံခိုင်ခံ့မှု အခြေအနေကို ဖေဖော်ဝါရီ ၁၃ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမင်းလွင်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ပေါက်ခေါင်း၌ စာကြည့်တိုက် အဆောက်အအုံသစ်များဖွင့်

ပြည် မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျွဲပေါင်ပင်ကျေးရွာအုပ်စု ကျွဲပေါင်ပင်ကျေးရွာ အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက် ၈နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်ထွန်းတို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ်ဥက္ကဋ္ဌ၊ ခရိုင်ဦးစီးအရာရှိနှင့် ကျေးရွာဥက္ကဋ္ဌတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စာအုပ် စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အလားတူ ဝက်တိုးကျေးရွာနှင့် စိုင်ဂေါင်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်များကိုလည်း ဆက်လက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးသော (ကျေးလက်) သနပ်ပင်-ဖရဲ ဂဝံလမ်း သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဖြစ်ရေးအတွက် မတ် ၁၇ရက်က စစ်ဆေးရာ သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထူးကုဆရာဝန်များ နွားထိုးကြီး၌ လူနာများအခမဲ့ကုသ

နွားထိုးကြီး မတ် ၂၂

မြင်းခြံခရိုင် ကျန်းမာရေးကြီးကြပ်မှုကော်မတီ၏ အစီအစဉ်နှင့် မြင်းခြံခရိုင် အထူးကုဆရာဝန်များအဖွဲ့သည် မတ် ၁ရက်က နွားထိုးကြီးမြို့နယ် လက်ဝဲမြင်းနီကျေးရွာသို့ ကွင်းဆင်း၍ လက်ဝဲမြင်းနီ အထက်တန်းကျောင်း၌ ပတ်ဝန်းကျင်ကျေးရွာများမှ လူနာ ၃၄၅ဦးကို အခမဲ့ ဆေးဝါးကုသပေးကြပြီး ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပရာ ခရိုင်အတွင်းရေးမှူးဦးဝင်းရွှေ၊ ခရိုင်အထူးကုဆရာဝန် ဒေါ်ရီရီမြင့်နှင့် အထူးကုဆရာဝန်များက ဟောပြောကြသည်။ (ဝ၉၂)

ပန်းတောင်းမြို့ ဥသျှစ်ပင် ဈေး (ကျေးလက်)တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၈ရက်က ဆောင်ရွက်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်း နှင့် မြို့နယ် မီးသတ် ဦးစီးဌာနမှူး ဦးစိုးမင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျိုက်လတ်မြို့ အမက(၁၀) အာစရိယပူဇော်

ကျိုက်လတ် မတ် ၂၀

ဧရာဝတီတိုင်း ကျိုက်လတ်မြို့ အမက (၁၀) ကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား ကျောင်းသားကျောင်းသူများက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး **(အပေါ်ပုံ)** အတန်းလိုက် ပညာရည်ချွန်ဆုများကို ကျောင်းအုပ်ဆရာမကြီးနှင့် မိဘဆရာအသင်းမှ တာဝန်ရှိသူများက တစ်ဦးချင်း ဆုများပေးအပ်ချီးမြှင့်သည်။

(ပညာရေး)

ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော ကူးကော်ကျေးရွာအုပ်စုရှိ စံသီးကုန်းကျေးရွာ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဖေဖော်ဝါရီ ၁၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က လိုက်လံရှင်းလင်းပြသကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သာစည်၌ ခရိုင်ချင်းဆက်လမ်းပိုင်း(၂) ကျောက်ချောခင်း

သာစည် မတ် ၁၈

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်သည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးလိုက်ပါလျက် မတ် ၄ရက်က သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော ဝမ်းတွင်းမြို့နယ်မှ သာစည်မြို့နယ်တွင်းရှာ ကျေးရွာအထိ ၂၅မိုင် ၅ဖာလုံရှိသော ခရိုင်ချင်းဆက်လမ်းပိုင်း(၂)သို့ ရောက်ရှိပြီး ကျောက်ချောလမ်းခင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်မှာကြား

ရှင်းလင်းဆောင်တွင် သာစည်မြို့နယ် အမှုဆောင်အရာရှိ ဦးမောင်တိုးက ကျောက်ချောလမ်းခင်း ပြီးစီးနေမှုလမ်းပိုင်းနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသော လမ်းပိုင်းများကိုရှင်းလင်းတင်ပြရာ တိုင်းညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

စစ်ဆေး

ထို့နောက် တိုင်းစည်ပင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့်အတူ သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း ရမည်းသင်းလမ်းပိုင်းသို့သွားရောက်ပြီး စစ်ဆေးကြောင်း သိရသည်။ (ဝ၉၄)

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ရောင်းချလျက်ရှိသော ဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု အရည်အသွေးပြည့်မီခြင်းရှိမရှိကို မတ် ၁၁ရက်က ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ယုယုဇော်နှင့် ကျန်းမာရေးမှူး(၂) ဦးတင်ဝင်းကျော်တို့က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝါးတီးကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်

အုတ်တွင်း မတ် ၂၈

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဝါးတီးကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက်ပိုင်းက ဝါးတီးကျေးရွာ ကျောက်ချောလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်က ဝါးတီးကျေးရွာကျောက်ချောလမ်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့က အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

အကုန်အကျခံ

ဆက်လက်၍ အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဝါးတီးကျေးရွာ ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** အဆိုပါ ကျောက်ချောလမ်းမှာ အရှည် ပေ ၆၀၀၊ အကျယ် ၁၀ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၁၀၀၀၀၀ကျော်ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၃၁၆)**

မြစ်ကြီးနားမြို့၌ ဈေးများသန့်ရှင်းရေး ဆောင်ရွက်

မြစ်ကြီးနား မတ် ၂၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့ ဈေးကြီးသုံးဈေး သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ဖေဖော်ဝါရီ ၂၅ရက်က ဈေးဝန်ထမ်းများ စုပေါင်း၍ ဈေးများ အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဈေးရေမြောင်းများ အမှိုက်၊ နုန်းမြေဆယ်တင် စွန့်ပစ်ခြင်းတို့ကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် ဒုတိယဦးစီးမှူး (ဈေး) ဒေါ်ရွယ်ဂျာတို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ဟိုယ-တန့်ယန်းလမ်း မိုင်တိုင်အမှတ်၂၈နှင့် ၂၉အတွင်း ၇ဖာလုံ ကတ္တရာရေပိတ်လွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မတ်၆ရက်က မြို့နယ်ဥက္ကဋ္ဌဦးကျော်သူရနှင့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာဦးသူရဇော်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၂၃)

ဗန်းမော်မြို့နယ်စည်ပင် ကတ္တရာလမ်းပေါက်များ ဖာထေးပြုပြင်

ဗန်းမော် မတ် ၂၀

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက် ဗိုလ်ချုပ်လမ်းတစ်လျှောက် အပေါက်များ၊ ချိုင့်ခွက်များ ဖာထေးပြုပြင်ခြင်းလုပ်ငန်းကို မတ်၈ရက်ကအငယ်တန်း အင်ဂျင်နီယာ(၂)ဦးမြင့်ဇော်ဦးနှင့်အဖွဲ့ ဆောင်ရွက်ရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဘုရင့်နောင် အင်ူပတ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၄ရက်က အမှုဆောင် အရာရှိ ဦးမျိုးကြည်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးဘုန်းဇော်အောင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ဗိုလ်မှူးဗထူး လမ်းမကြီးပေါ်ရှိ ကိုးဘွဲ့ရယဉ်ကျေးလိမ္မာကလေးအထူးသင်တန်း၌ မတ်၂၇ရက်က စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ကျန်းမာရေးဆိုင်ရာ ဟောပြောစဉ်။ (စာပေနှင့်စာနယ်ဇင်း)

မီးဘေးကြိုတင်ကာကွယ်ရေး တာချီလိတ်မြို့နယ်၌ သရုပ်ပြသ

တာချီလိတ် မတ် ၁၅

တာချီလိတ်မြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု သရုပ်ပြခြင်း အခမ်းအနားကို မတ် ၆ရက် နံနက် ၈နာရီက တာချီလိတ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်နိုင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်များနှင့် ခေတ်မီမီးသတ်ဆေးဘူးများ အကြောင်း ရှင်းလင်းတင်ပြပြီး မီးသတ်တပ်ဖွဲ့ဝင်များက ရေ၊ သဲ၊ ခေတ်မီ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုများ လက်တွေ့ မီးငြိမ်းသတ် ပြသကြသည်။

(အပေါ်ပုံ) ဆက်လက်၍ တက်ရောက်လာကြသူများက ခေတ်မီမီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုများ လက်တွေ့ သရုပ်ပြသလေ့ကျင့်ကြကြောင်း သိရသည်။ **(၀၁၆)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရွှေကူမြို့နယ် ပေါလောကျေးရွာ စက်ရေတွင်းဖွင့်

ရွှေကူ မတ် ၂၆

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ဘိုကုန်းကျေးရွာအုပ်စု ပေါလောကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီကစက်ရေတွင်းသစ် ဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြပြီး ဘိုကုန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဇင်လင်းအောင်နှင့် ပေါလောကျေးရွာ ရပ်မိရပ်ဖဦးကြည်ဦးတို့ကကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ပေါလောကျေးရွာရှိ စက်ရေတွင်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ အုပ်စုဥက္ကဋ္ဌ ဦးဇင်လင်းအောင်၊ ပေါလောကျေးရွာဥက္ကဋ္ဌ ဦးအေးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အထိမ်းအမှတ်အလံများကိုစည်ပင်သာယာရေးအဖွဲ့လက်ထောက်အင်ဂျင်နီယာ ဦးသန်းနိုင်က အမှုဆောင်အရာရှိဦးခင်အောင်နီသို့ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း ငွေလုံး၊ငွေရင်း လုပ်ငန်းဖြစ်သော အမှတ်(၃)ရပ်ကွက် ဗိုလ်တေဇလမ်း ကတ္တရာခင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဇော်မင်းဦးတို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မူဆယ်မြို့နယ်စည်ပင် မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မူဆယ် မတ် ၁၅

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးအတွင်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ ဖေဖော်ဝါရီ၂၂ရက်က မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းညွန့်နှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးအောင်မြင့်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၅ ရက်က အမှုဆောင် အရာရှိဦးသန့်ဇင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာ ကောင်းမွန်ရေး ညောင်ရွှေမြို့နယ်၌ ဆောင်ရွက်

ညောင်ရွှေ မတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ် ၉ရက်က မြို့မဈေးကြီးပတ်ဝန်းကျင်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်ဆယ်ယူမှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၀၂၁)

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်၌ပါဝင်မည့် စံပြမယ်ရုပ်တုပြိုင်ပွဲ လက်စွမ်းပြယှဉ်ပြိုင်နေ

စိတ်ကြိုက် ပန်းပုရုပ်တုပြိုင်ပွဲဝင် ခြင်းလုံးပေါ်တက်ကာ ခြင်းခတ်နေပုံ ရုပ်တုကလည်း အချိုးအဆစ်ကျပြီး လက်ရာမြောက်လှသည်။ (မြန်မာ့အလင်း)

အနုပညာသတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၀

ဖြည်းဖြည်းချင်း ထုထွင်းနေသောအသံများ၊ တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းနေသံများ၊ အပေးအယူမျှစွာ အဖွဲ့လိုက် သစ်သားပန်းပု ရုပ်တုလုပ်နေသူများကို အဝေးမှ အသံကြား မြင်တွေ့နေရသည်။

"ဒါက စံပြမယ်ရုပ်တုပြိုင်ပွဲဝင်နေကြတဲ့သူတွေပါပဲ၊ စံပြမယ်အဖြစ် ရုပ်ရှင်သရုပ်ဆောင် စိုးပြည့်သဇင်ရဲ့ ရုပ်တုပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲရက်က ကိုးရက်နဲ့အပြီး ထုလုပ်ရမှာဖြစ်ပါတယ်၊ မကြာမီ ကျင်းပတော့မယ့် နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်မှာ ပါဝင်မယ့် ပန်းပုပြိုင်ပွဲရဲ့ ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါတယ်"ဟု နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဦးကိုကိုက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မကြာမီ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်နှင့် ဆရာစံလမ်းရှိ ဆရာစံပလာဇာ၌ နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို မကြာမီရက်ပိုင်းအတွင်း ကျင်းပတော့မည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁

စိတ်ကြိုက် ပန်းပုရုပ်တုပြိုင်ပွဲဝင် နာဂစ်မုန်တိုင်းဒဏ် ခံစားနေသူတို့၏ ရုပ်တုပုံမှာလည်း ပန်းပုအနုပညာဖြင့် ဤသို့ လက်စွမ်းပြ ထုလုပ်ထားသည်။ (မြန်မာ့အလင်း)

ကျေးလက်စာကြည့်တိုက်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် အဓိကအချက်များကို အကျဉ်းချုံးဆိုရပါလျှင် စာကြည့်တိုက်များအား ကိုင်တွယ် ထိန်းသိမ်းမည့် လူ့အရင်းအမြစ်၊ ရန်ပုံငွေနှင့် အုပ်ချုပ်မှုစနစ်ဟူ၍ အပိုင်းသုံးပိုင်း တွေ့ရ။ ယင်းတို့အား ဖြည့်ဆည်းပေးရန် နိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးချမ်းသာ ကြွယ်ဝသော ပုဂ္ဂိုလ်ကြီးများနှင့် စာကြည့်တိုက်ပညာဆိုင်ရာ အဆင့်မြင့် ကျွမ်းကျင်ပညာရှင်ကြီးများ ပေါင်းစပ်ပါဝင် ဆောင်ရွက်ပေးကြလျှင် ပိုမိုပြည့်စုံအောင်မြင်လာမည်ဟု ယုံကြည်။

ကျော်ဦးဆွေ၏ ဆောင်းပါး စာ-၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

ခန္ဓာကိုယ်အစိတ်အပိုင်းများ လှုပ်ရှားမှုအားမှ စွမ်းအင်ထုတ်ယူ ဘက်ထရီမဲ့ လက်ကိုင်ဖုန်းနှင့် အိုင်ပေါ့များသုံးစွဲနိုင်တော့မည်

ဘာသာပြန်သတင်းမှတ်စု-မိုးမြင့်လင်းလက် စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ(မြန်မာ့အလင်း)

လက်ကိုင်ဖုန်းနှင့် အိုင်ပေါ့များကို အသုံးပြုရာတွင် ဘက်ထရီများအစား လူ၏ လက်လှုပ်ယမ်းမှုနှင့် လမ်းလျှောက်စကားပြောမှုတို့မှ ထွက်ပေါ်လာသော လှုပ်ရှားမှု လှိုင်းအားဖြင့် စွမ်းအင်ရယူကာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ဖြေရှင်းနိုင်မည်

ဘက်ထရီများ၏ ချွတ်ယွင်းအားနည်းမှုကြောင့် လက်ကိုင်ဖုန်းနှင့် အိုင်ပေါ့များကို အသုံးပြုရာတွင် အခက်အခဲများ ရှိနေမှုကို ယခုနည်းပညာသစ်ဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ရာ လက်ကိုင်ဖုန်းများနှင့် အိုင်ပေါ့များတွင် ဘက်ထရီ၏ အခန်းကဏ္ဍ ပျောက်ကွယ်တော့မည် ဖြစ်သည်။ လူ၏ ခန္ဓာကိုယ်နှင့် ကိုယ်လက် အစိတ်အပိုင်းများ၏ လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်တွင်း၌ သွေး လည်ပတ် စီးဆင်းရာတွင်

စာမျက်နှာ ၁၁ ကော်လံ ၁

မြန်မာ့အလင်း
အင်တာနက်ကျန်းမာရေး

ရေနွေးပူနှင့် စွပ်ပြုတ်ပူပူများ သောက်သုံးပါက လည်ချောင်းနှင့် အစာပြွန်ကင်ဆာများ ဖြစ်ပွားနိုင်ဟုဆို

ရေနွေးကြမ်းပူပူကို သောက်သုံးခြင်းသည် လည်ချောင်းနှင့် အစာပြွန်ကင်ဆာများ ဖြစ်ပွားစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

ထိခိုက်ပျက်စီး

အပူချိန် ၇၀ဒီဂရီ စင်တီဂရိတ်ရှိသည့် ရေနွေးကြမ်းပူပူနှင့် အခြား စွပ်ပြုတ်ပူပူများသည် လည်ချောင်းရှိ တစ်သျှူးများ ပျက်စီးစေသည့်အပြင် အစာပြွန်နံရံများကို ထိခိုက်ပျက်စီးစေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကင်ဆာဖြစ်ပွား

ရေနွေးကြမ်းပူပူနှင့် အခြား စွပ်ပြုတ်ပူပူများကို အအေးမခံဘဲ သောက်သုံးလေ့ရှိသူ အမျိုးသား အမျိုးသမီး ၃၀၀ ကျော်အား သုတေသနပြုလေ့လာခဲ့ရာ လည်ချောင်းနှင့် အစာပြွန်နံရံများရှိ တစ်သျှူးများ ပျက်စီးနေပြီး ကင်ဆာဖြစ်ပွားရန် ရာခိုင်နှုန်းများနေကြသည်ကို တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

အအေးခံ

ထို့ကြောင့် ရေနွေးကြမ်းနှင့် စွပ်ပြုတ်တို့အပြင် အခြားသောအစားအစာများကို ပူပူလောင်လောင်နှင့် အလျင်အမြန် မစားသင့်ကြောင်း၊ အအေးခံကာ ပူနွေးရုံ စားသုံးသင့်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက အကြံပြုထားသည်။ ။

မီးဖို မီးကြွင်း၊ မီးကျန် သတိပြုရေး နှိုးဆော်ချက်

(က) မီးဖို မီးကြွင်း၊ မီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ ပြုလုပ်ကြရန်။

(ခ) မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများကို မီးပလပ်ဖြုတ်၊ မိန်းခလုတ် (Main Switch) ချထားပြီးမှ အပြင်သို့ သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ကြရန်။

(ဂ) မီးဖို မီးကြွင်း၊ မီးကျန်များကို မငြိမ်းသတ်ဘဲ မေ့လျော့ပေါ့ဆစွာ ထားခဲ့ခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခဲ့ခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန